# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက် | ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၈ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ်(၂၈၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့်ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၁၇

၂၀၂၅ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၈) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနား ကျင်းပပုံများကို ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီ မိနစ်၄၀ မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV – HD၊ MRTV News၊ MRTV Parliament၊ MRTV NRC၊ MITV နှင့် မိတ်ဖက်ရုပ်သံလိုင်းဖြစ်သည့် MWD – HD၊ MWD Variety HD တို့မှလည်းကောင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလိုင်းများဖြစ်သော MNTV၊ Up to Date channel၊ Readers' Channel၊ M channel တို့မှလည်းကောင်း၊ MOI Website၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ Star FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ပဉ္စဝတီ FM၊ မန္တလေး FM၊ ချယ်ရီ FM၊ ရွှေ FM နှင့် MRTV App: အပါအဝင် Online Media တို့မှ လည်းကောင်း တိုက်ရိုက် (LIVE) ထုတ်လွှင့်သွားမည်ဖြစ်သည်။

သတင်းစဉ်



## ပေါင်းတည်၌ မိုးရာသီ ဆီထွက်သီးနှံ ဧက နှစ်သောင်းကျော်စိုက်ပျိုး

ပေါင်းတည် ဇူလိုင် ၁၇

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီ ဆီထွက်သီးနှံ မိုးနှမ်း၊ မိုးမြေပဲနှင့် မိုးနေကြာ စုစုပေါင်း ၂၃၂၆၈ ဧက စိုက်ပျိုးထားပြီးဖြစ်ကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

ပြည်တွင်းနှင့်ဒေသတွင်း ဆီဖူလုံမှုရှိစေရေးနှင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှု လျှော့ချနိုင်ရေးတို့အတွက် ပေါင်းတည်မြို့နယ်အနေဖြင့် ဆီထွက်သီးနှံ နှမ်း၊ မြေပဲနှင့် နေကြာတို့ကို ရာသီအလိုက် သီးထပ်စိုက်ပျိုးမှုများအပြင်


*စာမျက်နှာ ၃ ကော်လံ ၁* ❑



**ယနေ့** *ဖတ် စ ရာ*

### မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေပြဋ္ဌာန်း

ဥပဒေပြဋ္ဌာန်း | စာ ၆

### “မြန်မာ့တန်ဖိုး... မြန်မာ့အနာဂတ်” (Myanmar’s Value – Myanmar’s Future)

ဆောင်းပါး | စာ ၈


## သီလဝါသိုလှောင်ကန်များတွင် စက်သုံးဆီများ ပြည့်လုနီးပါးရှိနေသည့်အပြင် မှာယူထားသည့် ဆီတင်သင်္ဘောများလည်း အဆက်မပြတ်ဝင်ရောက်နေကြောင်း သိရှိရ

နေပြည်တော် ဇူလိုင် ၁၇

ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းနှင့် အာရှပစိဖိတ်ဒေသတွင်း စက်သုံးဆီဈေးနှုန်းများ အနည်းငယ်မြင့်တက်လာမှုကြောင့် လာမည့်အပတ်တွင် ပြည်တွင်းစက်သုံးဆီဈေးနှုန်းများလည်း မြင့်တက်နိုင်မည်ဟု သုံးသပ်ခန့်မှန်းရသော်လည်း


*စာမျက်နှာ ၃ ကော်လံ ၁* ❖





## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၂၅) ကြိမ်မြောက်အစည်းအဝေးက အလုပ်အကိုင်အခွင့်အလမ်းပေါင်း တစ်သောင်းဝန်းကျင်ခန့်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၃၅ ခုကို ခွင့်ပြု

နေပြည်တော် ဇူလိုင် ၁၇

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ (ယာပုံ)**



**အခွင့်အလမ်းပေါင်း ၉၂၂၀ ကို ဖန်တီးပေးနိုင်မည်**

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ လက်ရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် စက်မှုကဏ္ဍနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ကိုးခုကိုလည်းကောင်း၊ စက်မှု၊ ဟိုတယ်ခရီး၊ ဝန်ဆောင်မှု၊ လျှပ်စစ်၊ စိုက်ပျိုး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အိမ်ရာအဆောက်အအုံ၊ သတ္တု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍများမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၂၆ ခု တို့ကိုလည်းကောင်း ခွင့်ပြုပေးခဲ့ပြီး အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၇၂ ဒသမ ၈၆၅ သန်းနှင့် ငွေကျပ် ၆၇၂၈၃၅ ဒသမ ၂၆၅ သန်းဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၉၂၂၀ ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

**အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့် အထည်ချုပ်လုပ်ငန်း ပါဝင်**

ယနေ့အစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် နိုင်ငံအတွက် အဓိကလိုအပ်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် လျှပ်စစ်မော်တော်ယာဉ်ထုတ်လုပ်ခြင်းလုပ်ငန်းများအပြင် ဝန်ဆောင်မှု လုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်ငန်းများနှင့် အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့် အထည်ချုပ်လုပ်ငန်းများလည်း ပါဝင်သည်။

**ရင်းနှီးမြှုပ်နှံထား**

၂၀၂၅ ခုနှစ် ဇွန်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၃၃ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၅၄ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီး ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များအား စိစစ်ခွင့်ပြုခြင်းနှင့် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်းကျဆင်းမှုကြောင့် နှစ်ဆန်းပိုင်းကဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်းများအောက် တစ်လီတာလျှင် ကျပ် ၂၅၀ ကျော်ခန့်အထိ လျော့နည်းနေဦးမည်ဟု ခန့်မှန်းရကြောင်း၊ ယခင်နှစ်က အရောင်းဆိုင်များတွင် ယာဉ်တန်းစီစောင့်ဆိုင်းဝယ်ယူမှုများ ဖြစ်ပေါ်ခဲ့သော်လည်း ယခုနှစ်တွင် အလားတူ ယာဉ်တန်းစီဝယ်ယူမှုမျိုး မတွေ့ရကြောင်းနှင့် သီလဝါ သိုလှောင်ကန်များတွင် စက်သုံးဆီများပြည့်လုနီးပါးရှိနေသည့်အပြင် မှာယူထားသောဆီတင်သင်္ဘောများလည်း အဆက်မပြတ် ဝင်ရောက်လျက်ရှိနေသည်ဟု လုပ်ငန်းရှင်အသိုင်းအဝိုင်းများထံမှ သိရသည်။

သတင်းစဉ်

❑ *ရှေ့ဖုံးမှ*

သီးညှပ်အဖြစ်လည်း စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ ယခု မိုးသီးနှံတွင် မိုးနှမ်း ဧက ၁၅၄၇၀၊ မိုးမြေပဲ ၇၈၄၃ ဧကနှင့် မိုးနေကြာ ၅၅ ဧက စိုက်ပျိုးထားရှိကာ ယခုအခါ ပျမ်းမျှသက်တမ်း တစ်လခွဲခန့်ရှိနေကြပြီး ဖြစ်ထွန်းအောင်မြင်လျက်ရှိကြသည်။

ဒေသတွင်း အဓိကစိုက်ပျိုးသီးနှံတွင်ပါဝင်သော ယင်းဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးကို မြို့နယ်စိုက်တိုးမြှင့်အဖွဲ့က တောင်သူများအား တောင်သူအသိပညာပေးဆွေးနွေးပွဲများတွင် ညွှန်ကြားခဲ့ကြောင်းနှင့် မြို့နယ်အတွင်း ဆီဖူလုံပိုလျှံရေးအတွက် အလေးထား စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ရွှေသား(IPRD )

## ပခုက္ကူတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ စစ်တုရင်နှင့်စားပွဲတင် တင်းနစ်ပြိုင်ပွဲကျင်းပ

ပခုက္ကူ ဇူလိုင် ၁၇

ပခုက္ကူတက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ စစ်တုရင်နှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ယမန်နေ့က အဆိုပါ တက္ကသိုလ်မိုးလုံလေလုံအားကစားရုံခန်းမ၌ ကျင်းပသည်။(ယာပုံ)



ဦးစွာ ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က အမှာစကားပြောကြားသည်။ ယင်းနောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ရပ်ကို ရွတ်ဆိုကြပြီး ခေတ္တပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်ခင်ထွတ်တို့က ပြိုင်ပွဲများ ဖွင့်လှစ်ပေးကြရာ ဘာသာရပ်ကိုယ်စားပြု စစ်တုရင်နှင့် စားပွဲတင် တင်းနစ်ပြိုင်ပွဲများအလိုက် ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါပြိုင်ပွဲကို ဇူလိုင် ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့ပြီး စစ်တုရင်ပြိုင်ပွဲတွင် ၁၀ ဦး၊ စားပွဲတင် တင်းနစ်ပြိုင်ပွဲတွင် ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

# နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၇**

နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရောဝတီခန်းမ၌ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။





ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဂတိလိုက်စားမှုသည် နိုင်ငံတော်ဖွံ့ဖြိုးရေးကဏ္ဍများကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ အဟန့်အတားတစ်ခု ဖြစ်ပေါ်စေသည့်အတွက် ကောင်းမွန်သည့် အစိုးရတစ်ရပ်၊ သန့်ရှင်းသည့် အစိုးရတစ်ရပ်ဖော်ဆောင်ရာ၌ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အဂတိကင်းရှင်းအောင် ကျင့်ကြံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံနှင့် ပြည်သူတို့အတွက် စေတနာထားပြီး ရိုးသား၊ ကြိုးစား၊ သစ္စာရှိသည့် ဝန်ထမ်းကောင်းများအဖြစ် အဂတိတရား ကင်းရှင်းစွာဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍမှ ပါဝင်ထမ်းဆောင်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှုကြောင့် နိုင်ငံ၏ အရင်းအမြစ်များ၊ စီမံခန့်ခွဲမှုများ၊ လွဲမှားမှုများဖြစ်ပေါ်ကာ အခြေခံပြည်သူများအတွက် ဆိုးကျိုးများကို ဖြစ်ပေါ်စေကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်မှစ၍ ကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် စုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း ဦးဆောင်သည့်အဖွဲ့သည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့် ဦးဆောင်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) နှင့် တွေ့ဆုံကာ အဖွဲ့၏ လုပ်ငန်းများဆောင်ရွက်ရာတွင်ကြုံတွေ့ရသည့် အားသာချက်၊ အားနည်းချက်များနှင့်စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကယားပြည်နယ် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**လွိုင်ကော် ဇူလိုင် ၁၇**

ကယားပြည်နယ် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ယာပုံ)

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က လွိုင်ကော်-မိုးဗြဲ-ပင်လောင်းလမ်းတစ်လျှောက်ရှိ ကျေးရွာများ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ယခုအစည်းအဝေးကို ပြုလုပ်ခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ် ဓာတ်အားလိုင်းရှိ ဓာတ်အားလိုင်းတာဝါတိုင်များ၊ ပြတ်တောက်နေသည့် လိုင်းကြိုးများကို အမြန်ဆုံးပြုပြင်နိုင်ရေး ဆောင်ရွက်သွားရန်၊ လွိုင်ကော်-မိုးဗြဲကားလမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာ ချုံမြက်များရှင်းလင်းဆောင်ရွက်ရန်နှင့် ပျက်စီးနေသည့် လမ်းများကိုပြုပြင်၍ လမ်းညွှန်း၊ လမ်းအမှတ်အသားများ စိုက်ထူခြင်းတို့ကို ဆောင်ရွက်သွားရန်၊ ပြည်နယ်ဧရိယာအတွင်းရှိ ကျေးရွာများတွင် ပြည်သူများအား အမြန်ဆုံးပြန်လည်နေရာချထားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေး ဆောင်ရွက်ရန်၊ လွိုင်ကော်-မိုးဗြဲ-ပင်လောင်းလမ်းကို ယာဉ်လိုင်းများ စတင်ပြေးဆွဲနိုင်ရေး ဆောင်ရွက်သွားရန်၊ ဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများတွင် စက်ယန္တရားနှင့် လူအင်အားအသုံးပြု၍ ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် အခြားလိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။



ဆက်လက်၍ မဟာဓာတ်အားလိုင်းမှူးရုံး (လွိုင်ကော်)မှ မဟာဓာတ်အားလိုင်းမှူးက လွိုင်ကော်-မိုးဗြဲ-ပင်လောင်း လမ်းတစ်လျှောက် လမ်းပိုင်းအလိုက် မဟာဓာတ်အားလိုင်း ပျက်စီးမှုအခြေအနေနှင့် ပြန်လည်ပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ပြည်နယ်လမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက လွိုင်ကော်-မိုးဗြဲ-ပင်လောင်း လမ်းတစ်လျှောက် ပျက်စီးမှုများကို အမြန်ဆုံး ပြန်လည်ပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ပြည်သူများပြန်လည်ဝင်ရောက်နေထိုင်ပါက စနစ်တကျ နေရာချထားနိုင်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ဒေသကွပ်ကဲရေးမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် လုပ်ငန်းများကို အချိန်တိုအတွင်း မြန်မြန်ဆန်ဆန်ပြီးစီးအောင် ဆောင်ရွက်သွားရန်၊ ပြန်လည်ဝင်ရောက်နေထိုင်မည့် ပြည်သူများအတွက် ဘုန်းတော်ကြီးကျောင်း၊ ဆေးပေးခန်း၊ စာသင်ကျောင်း၊ သောက်သုံးရေ၊ လျှပ်စစ်မီးရရှိရေးနှင့် သီးနှံများ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပျဉ်းမနားမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၇**

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးသည် ယနေ့ မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေးသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင်သည် ပျဉ်းမနားမြို့နယ် နှမ်းတောကျေးရွာ တောင်သူ ဦးစိုးသိန်းနှင့် ဦးစိန်ဝင်းတို့၏ မိုးစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နေပြည်တော်ကောင်စီနယ်မြေအတွင်း သီးနှံစိုက်ပျိုးမြေများကို ပလပ်မြေမထားဘဲ နွေ၊ မိုး၊ ဆောင်း ရာသီပြည့် သီးနှံများစိုက်ပျိုးနိုင်ရန်လိုကြောင်း၊ မြေဩဇာ၊ သွင်းအားစုများ သတ်မှတ်ချိန်အမီ အချိုးကျထည့်သွင်းနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ တစ်နှစ် သုံးသီးစိုက်ပျိုးပြီး သီးထပ်စွမ်းအားမြှင့်တင်ရန်လိုကြောင်း၊ သီးထပ်စွမ်းအား တိုးမြှင့်နိုင်ရေးအတွက် အထွက်တိုးမျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးကြရန်လိုကြောင်း၊ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းများနှင့်အညီ စိုက်ပျိုးဆောင်ရွက်သွားရန်လိုကြောင်းနှင့် သဘာဝမြေဩဇာကို တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲနိုင်ရေးတို့အတွက် ဆောင်ရွက်သွားရန်နှင့် ရေစီးရေလာကောင်းမွန်စေရေး စနစ်တကျပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**



## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းရောက်ရှိ

**နေပြည်တော် ဇူလိုင် ၁၇**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Asia Pacific Automaker Corporation Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် DONGFENG SKY EV အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာပါသဖြင့် ဇူလိုင် ၁၇ ရက်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# လုံ့လဝီရိယ လျှော့လို့မဖြစ်

ခြင်္သေ့မင်းများဟာ တောကောင်ကို လိုက်တဲ့နေရာမှာ ကြီးတာငယ်တာ ပဓာနမထားဘဲနဲ့ ကြီးကြီးငယ်ငယ် လုံ့လစိုက်တဲ့ နေရာမှာ အဲဒီအတိုင်းပဲ လုံ့လစိုက်သွားတယ်။ အဲဒီလိုထုံးအတိုင်းပဲ ကျွန်တော်တို့က ပန်းတိုင်ရောက်တဲ့အထိ အောင်မြင်လာတဲ့တိုင်အောင် ကျွန်တော်တို့က ကြိုးစားမှု၊ အားထုတ်မှုကို လျှော့လို့မဖြစ်နိုင်ဘူး။ လုံ့လဝီရိယကို လျှော့လို့မဖြစ်နိုင်ဘူး။ ဆတက်ထမ်းပိုးသာ ကျွန်တော်တို့ လုပ်ဖို့လိုတယ်။

(၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၃ ရက် မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး၌ ပြောကြားသည့်မိန့်ခွန်း)

# ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီအစည်းအဝေး (၁/၂၀၂၅) ကျင်းပ




**နေပြည်တော် ဇူလိုင် ၁၇**

ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေးကော်မတီ(၁/၂၀၂၅) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကုန်စျေးနှုန်း တည်ငြိမ်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုကုန်စျေးနှုန်း တည်ငြိမ်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ စီးပွားရေးရာဝန်ကြီးများ၊ စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုကုန်စျေးနှုန်း တည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် အခြေခံစားသောက်ကုန်စျေးနှုန်းများ မြင့်တက်မှုသည် ပုံသေဝင်ငွေရရှိသည့် လခစားဝန်ထမ်းများနှင့် အခြေခံလူတန်းစားများအပေါ် သက်ရောက်မှုကြီးမားကြောင်း၊ "နိုင်ငံတော်၏ စီးပွားရေး တိုးတက်စေရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး" တွင် နိုင်ငံတော်ဝန်ကြီးချုပ်က အခြေခံစားကုန်များကို အထွက်နှုန်း တိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် စားသောက်ကုန်များ၏ စျေးနှုန်းကို သင့်တင့်သောစျေးနှုန်းများဖြစ်စေရန်၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေးအတွက် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို အသုံးချ၍ ကုန်ထုတ်လုပ်မှု တိုးတက်အောင် ဆောင်ရွက်ရန်နှင့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ် စသည့် သီးနှံများကို တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်းတွင် ဆီဖူလုံမှုရှိစေရေး တွန်းအားပေးဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ အတိုးနှုန်းသက်သာသည့် ချေးငွေများနှင့် ကူညီပံ့ပိုးပေးလျက်ရှိကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း စိုက်ဧကငါးသန်းကျော်အတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၆၈၈ ဘီလီယံ ထုတ်ချေးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းစားသုံးဆီ တိုးမြှင့်ထုတ်လုပ်ရေး ရင်းနှီးလည်ပတ်ငွေ လိုအပ်ချက်များအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေက အတိုးနှုန်းသက်သာသည့် ချေးငွေများကို ထုတ်ချေးပေးလျက်ရှိကြောင်း။

ထို့အပြင် သဘာဝ ဘေးအန္တရာယ် ကျရောက်မှုများကြောင့် ကုန်စျေးနှုန်းအပေါ် သက်ရောက်မှု မဖြစ်စေရေးအတွက် ကြပ်မတ်ထိန်းသိမ်းပေးရမည်ဖြစ်ကြောင်း၊ စျေးကွက်အတွင်း အခြေခံစားသောက်ကုန်များ ပြတ်လပ်မှု မရှိစေရေး၊ စျေးနှုန်းမြင့်တက်မှု မဖြစ်ပေါ်စေရေး၊ ဒေသတစ်ခုမှ တစ်ခုသို့ ကုန်စည်စီးဆင်းမှုတွင် အခက်အခဲများမရှိစေရေးအတွက် ကော်မတီဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒေသအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံးက ကြိုတင်စီမံ၍ ပူးပေါင်း ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆန်၊ စားအုန်းဆီအပါအဝင် အခြေခံစားသောက်ကုန်စျေးနှုန်းများ တည်ငြိမ်စေရေးဆောင်ရွက်မှုအခြေအနေ၊ ကုန်စည်များ စီးဝင်၊ စီးထွက်မှုအခြေအနေ၊ ငလျင်ဘေးသင့် ဒေသများတွင် အခြေခံစားကုန်များအား စျေးကားများဖြင့် လှည့်လည်ရောင်းချမှုအခြေအနေတို့ကို ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ကော်မတီအဖွဲ့ဝင်များက ပြည်ထောင်စုကုန်စျေးနှုန်း တည်ငြိမ်ရေး ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် စားဖိုဆောင်သုံး ပစ္စည်းများ၏ ထွက်ရှိမှု၊ ဖူလုံမှု၊ ရောင်းဝယ်မှု အခြေအနေနှင့် တွေ့ကြုံရသည့် အခက်အခဲများ၊ အခြေခံစားသောက်ကုန် စျေးနှုန်းများ တည်ငြိမ်စေရေးအတွက် နေ့စဉ်ကြပ်မတ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေး ကော်မတီဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍနှင့် ဒေသအလိုက် ကုန်စျေးနှုန်းတည်ငြိမ်စေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် လိုအပ်ချက်များအား သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍနှင့် အခြားဆက်စပ်ကော်မတီများအကြား ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေး ကော်မတီကို ၂၀၂၃ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အခြေခံစားသောက်ကုန်ပစ္စည်းများ ဖြစ်သည့် ဆန်၊ စားသုံးဆီ၊ သားငါး၊ ဥနှင့် မီးဖိုချောင်သုံး ကုန်ပစ္စည်းများ စျေးနှုန်းတည်ငြိမ်ရေး၊ ပြည်တွင်းလိုအပ်ချက်နှင့် ထုတ်လုပ်မှုပမာဏ ညီညွတ်မျှတရေး၊ ကုန်စည်စီးဆင်းမှု အဝင်၊ အထွက် မှန်ကန်ရေး၊ ကုန်စျေးနှုန်း တည်ငြိမ်မှုပျက်ပြားစေမည့် ကိစ္စရပ်များအား ဥပဒေနှင့်အညီ ကြီးကြပ်ရေး လုပ်ငန်းများကို ကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

## ကျောက်ပန်းတောင်းမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်လှစ်



**ကျောက်ပန်းတောင်း ဇူလိုင် ၁၇**

မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine – MEVM) စက်များ ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းနှင့် မဲပေးစက်လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်း သင်တန်းများကို ကျောက်ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်ပို့ချလျက်ရှိသည်။

အဆိုပါသင်တန်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်က အမှာစကား ပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေမျိုးဝင်းက MEVM စက် ကိုင်တွယ်အသုံးပြုခြင်း၊ မဲပေးပုံ မဲပေးနည်းစနစ်များအား ရှင်းလင်းပြောကြားခဲ့ပြီး ဇူလိုင် ၂၉ ရက်အထိ သင်တန်းသား စုစုပေါင်း ၁၁၇၈ ဦးအား မဲပေးစက်အသုံးပြုကိုင်တွယ်နည်းများကို သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သဲသဲ**

**(မြန်/ဆက်)**

# မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေ**
**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၁ / ၂၀၂၅)**
**၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်**
**(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ရေပြင်နယ်နိမိတ်အတွင်းတွင်ရှိသော အောက်ပါတို့နှင့် သက်ဆိုင်စေရမည် -

(က) ပြည်တွင်းပြည်ပမှ ရေယာဉ်နှင့် လေယာဉ်၊

( ခ ) ပင်လယ်ဆိပ်ကမ်းအပါအဝင် ပင်လယ်ရေကြောင်းဆိုင်ရာ အဆောက်အအုံ၊

( ဂ ) စီးပွားရေးလုပ်ငန်း။

**ခြွင်းချက်။** ပြည်တွင်း စစ်ရေယာဉ်၊ စစ်လေယာဉ်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

( ခ ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စု အစိုးရအဖွဲ့ကို ဆိုသည်။

( ဂ ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ကမ်းခြေစောင့်တပ်ဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ကို ဆိုသည်။

( င ) **ကမ်းခြေစောင့်တပ်ဖွဲ့အကြီးအကဲ** ဆိုသည်မှာ ကမ်းခြေစောင့်တပ်ဖွဲ့အား ကြီးကြပ်ကွပ်ကဲရသူကို ဆိုသည်။

( စ ) **တပ်ဖွဲ့ဝင်အရာရှိ** ဆိုသည်မှာ ကမ်းခြေစောင့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သော ပြန်တမ်းဝင်အရာရှိကို ဆိုသည်။

(ဆ) **အရပ်ဘက်အရာရှိ** ဆိုသည်မှာ ကမ်းခြေစောင့်တပ်ဖွဲ့တွင် တွဲဖက်၍ဖြစ်စေ၊ ဌာနကူးပြောင်း၍ဖြစ်စေ တာဝန်ထမ်းဆောင်သော သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပြန်တမ်းဝင်အရာရှိကို ဆိုသည်။ ယင်းစကားရပ်တွင် စတင်ခန့်ထားသည့် ပြန်တမ်းဝင်အရာရှိနှင့် အမှုထမ်းမှ ပြန်တမ်းဝင်အရာရှိအဆင့် ရရှိသူများလည်း ပါဝင်သည်။

( ဇ ) **တပ်ဖွဲ့ဝင်** ဆိုသည်မှာ ကမ်းခြေစောင့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်အရာရှိ၊ အရပ်ဘက်အရာရှိ၊ တပ်ဖွဲ့ဝင်အမှုထမ်း သို့မဟုတ် အရပ်ဘက် အမှုထမ်းကို ဆိုသည်။

( ဈ ) **အခြေခံမျဉ်းများ** ဆိုသည်မှာ မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ၏ နောက်ဆက်တွဲ(က)တွင် သတ်မှတ်ထားသည့် အခြေခံမျဉ်းများကို ဆိုသည်။

(ည) **အတွင်းပိုင်းရေပြင်** ဆိုသည်မှာ ပိုင်နက်ပင်လယ်ကို စတင်သတ်မှတ်သည့် အခြေခံမျဉ်းမှ ကုန်းတွင်းဘက်ရှိ ရေပိုင်နက်ကိုဆိုသည်။ ယင်းစကားရပ်တွင် ပင်လယ်ဆိပ်ကမ်း မဟုတ်သည့် အခြားဆိပ်ကမ်း၊ ချောင်းနှင့်မြစ်များ မပါဝင်။

( ဋ ) **ပင်လယ်ဆိပ်ကမ်း** ဆိုသည်မှာ အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော ဆိပ်ကမ်းကိုဆိုသည်။ ယင်းစကားရပ်တွင် အဓိကဆိပ်ကမ်း သို့မဟုတ် ပင်လယ်ရေနက်ဆိပ်ကမ်းလည်း ပါဝင်သည်။

( ဌ ) **ပိုင်နက်ပင်လယ်** ဆိုသည်မှာ အခြေခံမျဉ်းများမှ ပင်လယ်ဘက်သို့ ရေမိုင် ၁၂ မိုင်အထိ ကျယ်ဝန်းသောဇုန်ကို ဆိုသည်။

( ဍ ) **ဆက်စပ်ဇုန်** ဆိုသည်မှာ ပိုင်နက်ပင်လယ်၏ပြင်ပတွင်တည်ရှိပြီး ပိုင်နက်ပင်လယ်နှင့် တစ်ဆက်တည်းဖြစ်သည့်ပြင် အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် ၂၄ မိုင်အထိ ကျယ်ဝန်းသောဇုန်ကို ဆိုသည်။

( ဎ ) **သီးသန့်စီးပွားရေးဇုန်** ဆိုသည်မှာ ပိုင်နက်ပင်လယ်၏ ပြင်ပတွင်တည်ရှိပြီး ပိုင်နက်ပင်လယ်နှင့် တစ်ဆက်တည်းဖြစ်သည့်ပြင် အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် ၂၀၀ အထိ ကျယ်ဝန်းသောဇုန်ကို ဆိုသည်။

(ဏ) **ရေပြင်နယ်နိမိတ်** ဆိုသည်မှာ နိုင်ငံတော်၏အတွင်းပိုင်းရေပြင်မှစ၍ သီးသန့်စီးပွားရေးဇုန်အထိ တစ်ဆက်တည်းရှိသောရေပြင်ကို ဆိုသည်။ ဤစကားရပ်တွင် ကမ်းရိုးတန်းလည်း ပါဝင်သည်။

(တ) **ရေယာဉ်** ဆိုသည်မှာ ရေပေါ် သို့မဟုတ် ရေအောက်တွင် ရွေ့လျားသွားလာနိုင်သော စက်တပ်ရေယာဉ်၊ စက်မဲ့ရေယာဉ် သို့မဟုတ် မောင်းသူမဲ့ရေယာဉ်တစ်မျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် တွဲတွန်း၊ တွဲဆွဲရေယာဉ်၊ စက်မဲ့ကုန်တွဲ၊ ရေနံတွဲ၊ ရေတွင်ပေါ်သော အခြားတွဲယာဉ်၊ လေကူရှင်သုံးရေယာဉ်၊ ရေယာဉ်ပျံ၊ အပျော်စီးရေယာဉ်၊ ဖောင် သို့မဟုတ် ရွက်လှေတို့ ပါဝင်သည်။

(ထ) **လေယာဉ်** ဆိုသည်မှာ လေထဲတွင်မောင်းနှင်သော စက်တပ်ယာဉ် သို့မဟုတ် စက်မဲ့ယာဉ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ရဟတ်ယာဉ်၊ စက်မဲ့လေယာဉ် (Glider)၊ မောင်းသူမဲ့လေယာဉ်(Drone)၊ မီးပုံးပျံ (Air Balloon) သို့မဟုတ် လေထဲတွင်ပျံသန်းနိုင်သော အခြားယာဉ်တစ်မျိုးမျိုးလည်း ပါဝင်သည်။

( ဒ ) **နိုင်ငံခြားရေယာဉ်** ဆိုသည်မှာ ပြည်ပတွင်မှတ်ပုံတင်ထားသော ရေယာဉ်ကို ဆိုသည်။

( ဓ ) **ရေယာဉ်ပိုင်ရှင်** ဆိုသည်မှာ ရေယာဉ်ကိုပိုင်ဆိုင်သည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်နှင့် သက်ဆိုင်သည့်လုပ်ငန်းကို ရေယာဉ်ပိုင်ရှင် ကိုယ်စားဆောင်ရွက်ရန် တာဝန်လွှဲအပ်ခြင်းခံထားရသော ကိုယ်စားလှယ်လည်း ပါဝင်သည်။

( န ) **ပင်လယ်ရေကြောင်းဆိုင်ရာအဆောက်အအုံ** ဆိုရာတွင် နိုင်ငံတော်၏ ရေပြင်နယ်နိမိတ်အတွင်း ပင်လယ်ရေကြောင်းဆိုင်ရာအကျိုးစီးပွားအတွက် လူသားတို့ ဖန်တီးသောကျွန်း၊ ကမ်းလွန်စခန်း၊ အဏ္ဏဝါသိပ္ပံဆိုင်ရာသုတေသနစခန်း၊ ရေနံတူးစင်၊ အထိုင်တွင်းတူးစင်၊ ရေပေါ်တွင်းတူးစင်၊ သိုလှောင်ရုံ၊ ဖြန့်ဖြူးသိုလှောင်ရုံ၊ ရေအောက်ကေဘယ်ကြိုး၊ ပိုက်လိုင်း၊ စွန့်ပစ်ပစ္စည်းများလက်ခံရာနေရာ၊ ပင်လယ်ပြင်အခြေပြု ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်ယူရေးစခန်း သို့မဟုတ် စစ်ဘက်နှင့်မသက်ဆိုင်သည့် ရေကြောင်းဆိုင်ရာအခြေခံအဆောက်အအုံနှင့် ပစ္စည်းကိရိယာများ ပါဝင်သည်။

( ပ ) **အဏ္ဏဝါသဘာဝသယံဇာတ** ဆိုသည်မှာ ပင်လယ်ကြမ်းပြင်၊ ပင်လယ်ကြမ်းပြင်အောက်ခံမြေထု၊ ပင်လယ်ကြမ်းပြင်အထက်ရှိရေထု သို့မဟုတ် ပင်လယ်ရေမျက်နှာပြင်တွင်ရှိသော သက်ရှိသက်မဲ့သယံဇာတတစ်မျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် ဒီရေတောနှင့် သန္တာကျောက်တန်းများလည်း ပါဝင်သည်။

( ဖ ) **ရှားပါးမျိုးစိတ်** ဆိုသည်မှာ ရေပြင်နယ်နိမိတ်အတွင်း ပုံမှန်တွေ့ရလေ့မရှိသော၊ ရှားပါးသော သို့မဟုတ် မျိုးသုဉ်းရန် အန္တရာယ်နှင့်ရင်ဆိုင်နေရသော အပင် သို့မဟုတ် တိရစ္ဆာန်မျိုးစိတ်တစ်ခုခုကို ဆိုသည်။

( ဗ ) **အဏ္ဏဝါပတ်ဝန်းကျင်** ဆိုသည်မှာ ရေပြင်နယ်နိမိတ်အတွင်း အဏ္ဏဝါဂေဟစနစ်၏ လည်ပတ်မှုအခြေအနေနှင့် အရည်အသွေးတို့ကို အပြန်အလှန်အကျိုးသက်ရောက်စေသည့် ရုပ်ပိုင်းဆိုင်ရာ၊ မြေထု၊ ရေထု၊ လေထုဆိုင်ရာ သို့မဟုတ် ဇီဝဆိုင်ရာ အခြေအနေကို ဆိုသည်။

( ဘ ) **အဏ္ဏဝါဂေဟစနစ်** ဆိုသည်မှာ ရေပြင်နယ်နိမိတ်အတွင်း နေထိုင်ကျက်စားသော သို့မဟုတ် ရှင်သန်ပေါက်ပွားသော ကျွန်းနေဇီဝမျိုးစုံမျိုးကွဲ၊ အပင်၊ တိရစ္ဆာန်နှင့် သက်မဲ့ရုပ်ဝတ္ထုများ သဟဇာတဖြစ်လျက်တည်ရှိနေသည့် သဘာဝစနစ် သို့မဟုတ် ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော အဏ္ဏဝါပတ်ဝန်းကျင်ကို ဆိုသည်။

( မ ) **ညစ်ညမ်းမှု** ဆိုသည်မှာ ဘေးအန္တရာယ်ရှိပစ္စည်း၊ ညစ်ညမ်းပစ္စည်း သို့မဟုတ် စွန့်ပစ်ပစ္စည်းကို စွန့်ပစ်ခြင်း၊ ထုတ်လွှတ်ခြင်း သို့မဟုတ် စုပုံခြင်းကြောင့် အဏ္ဏဝါပတ်ဝန်းကျင်၏ အစိတ်အပိုင်းတစ်ရပ်ရပ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောင်းလဲစေခြင်း သို့မဟုတ် သက်ရောက်စေခြင်းကို ဆိုသည်။

(ယ) **ပင်လယ်ဓားပြမှု** ဆိုသည်မှာ နိုင်ငံတကာပင်လယ်ပြင်အတွင်း ရောက်ရှိနေသော ပုဂ္ဂလိကပိုင်ရေယာဉ် သို့မဟုတ် လေယာဉ်ပေါ်ရှိ လူပုဂ္ဂိုလ်တစ်ဦးဦးက အခြားသော ရေယာဉ် သို့မဟုတ် လေယာဉ်ပေါ်ရှိ လူပုဂ္ဂိုလ် သို့မဟုတ် ပစ္စည်းအပေါ် ပုဂ္ဂလိက အကျိုးအလို့ငှာ အကြမ်းဖက်ခြင်း၊ တရားမဝင်ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ထိုသို့ပြုလုပ်ရန် ပူးပေါင်းကြံစည်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း သို့မဟုတ် အားပေးကူညီခြင်းလည်း ပါဝင်သည်။

( ရ ) **တရားမဝင်ဖြတ်ကျော်ဝင်ရောက်မှု** ဆိုသည်မှာ ဥပဒေနှင့်အညီ ထုတ်ပေးထားသော ပြည်တွင်းဝင်ရောက်ခွင့်လက်မှတ်နှင့် သက်ဆိုင်ရာနိုင်ငံက နည်းလမ်းတကျ ထုတ်ပေးထားသော နိုင်ငံကူးလက်မှတ်တို့မပါရှိဘဲ နိုင်ငံတော်၏ပိုင်နက်ပင်လယ်ကို ဖြတ်သန်း၍ အတွင်းပိုင်းရေပြင်သို့လည်းကောင်း၊ ပင်လယ်ဆိပ်ကမ်းတစ်ခုခုသို့လည်းကောင်း ဝင်ရောက်ခြင်း သို့မဟုတ် ဝင်ရောက်ရန် အားထုတ်ခြင်းကို ဆိုသည်။

(လ) **ပင်လယ်ပြာစီးပွားရေး (Blue Economy)** ဆိုသည်မှာ ရေပြင်နယ်နိမိတ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် လူမှုစီးပွားဖူလုံရေးမြှင့်တင်ရန် အဏ္ဏဝါဂေဟစနစ်ကို မထိခိုက်စေဘဲ အဏ္ဏဝါသဘာဝသယံဇာတများကို ရေရှည်တည်တံ့စေသည့် နည်းလမ်းများအသုံးပြု၍ လုပ်ကိုင်သောစီးပွားရေးကို ဆိုသည်။

( ဝ ) **အဏ္ဏဝါသဘာဝသယံဇာတဆိုင်ရာပြစ်မှု** ဆိုသည်မှာ အဏ္ဏဝါသဘာဝသယံဇာတများကို ညစ်ညမ်းမှုဖြစ်စေရန် သို့မဟုတ် ထိခိုက်စေရန်လုပ်ဆောင်ခြင်း၊ တရားမဝင်ရှာဖွေတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် သယ်ယူရွှေ့ပြောင်းခြင်းကို ဆိုသည်။

(သ) **ပင်လယ်ရေကြောင်းဆိုင်ရာ ဆိုက်ဘာခြိမ်းခြောက်မှု (Maritime Cyber Threat)** ဆိုသည်မှာ ပင်လယ်ရေကြောင်းဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်ကို နှောင့်ယှက်ဟန့်တားရန် အလို့ငှာ ဆိုက်ဘာအရင်းအမြစ်တစ်ခုခုကိုအသုံးပြု၍ ခြိမ်းခြောက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်း၊ ကျူးလွန်ရန် အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊ လှုံ့ဆော်ခြင်း သို့မဟုတ် ကြံရာပါအဖြစ်ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဟ) **နိုင်ငံတကာသဘောတူစာချုပ်များ** ဆိုရာတွင် နိုင်ငံတော်ကအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းချုပ်ဆိုထားသော စာချုပ်များနှင့် ယင်းစာချုပ်များ၏ နောက်ဆက်တွဲ သဘောတူညီချက်များအားလုံး ပါဝင်သည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရေပြင်နယ်နိမိတ်အတွင်း နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊

( ခ ) ရေပြင်နယ်နိမိတ်အတွင်း ပင်လယ်ရေကြောင်းကိုအသုံးပြု၍ ဆောင်ရွက်နေသည့် တရားမဝင်လုပ်ငန်းများ၊ တရားမဝင်ဖြတ်ကျော်ဝင်ရောက်မှုအပါအဝင် တရားမဝင် ဝင်ရောက်အခြေချနေထိုင်မှုများကို တားဆီးနှိမ်နင်းရန်နှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများဆောင်ရွက်ရန်၊

( ဂ ) ပင်လယ်ရေကြောင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ဃ) ပင်လယ်ရေကြောင်းဆိုင်ရာ အမျိုးသားအကျိုးစီးပွား၊ ပင်လယ်ပြာစီးပွားရေး၊ အဏ္ဏဝါပတ်ဝန်းကျင်နှင့် အဏ္ဏဝါဂေဟစနစ် တို့ကို ကာကွယ်စောင့်ရှောက်ရန်၊

( င ) ပင်လယ်ရေကြောင်းဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် နိုင်ငံတကာသဘောတူစာချုပ်များနှင့်အညီ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံတကာကမ်းခြေစောင့်တပ်ဖွဲ့များ၊ ပြည်တွင်း ပြည်ပမှ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

**အခန်း (၃)**

**ဖွဲ့စည်းခြင်း**

၅။ မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ကို ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်၊ ယင်း၏ကွပ်ကဲမှုအောက်ရှိ ကမ်းခြေစောင့်တပ်ဖွဲ့ ရေယာဉ်စုများ၊ ကမ်းခြေစောင့်တပ်ဖွဲ့ ရေယာဉ်အုပ်များ၊ အခြား လိုအပ်သောဌာနများဖြင့် တည်ဆဲဖွဲ့စည်းပုံနှင့်အညီ ဖွဲ့စည်းရမည်။

၆။ ဝန်ကြီးဌာနသည် ကမ်းခြေစောင့်တပ်ဖွဲ့၏ဖွဲ့စည်းပုံကို လိုအပ်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ တိုးချဲ့ဖွဲ့စည်းနိုင်သည်။

၇။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ကိုယ်ပိုင်အလံနှင့် ကိုယ်ပိုင်တံဆိပ်တို့ကို အသုံးပြုခွင့်ရှိသည်။

**အခန်း (၄)**

**တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၈။ ကမ်းခြေစောင့်တပ်ဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ရေပြင်နယ်နိမိတ်အတွင်း နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လုံခြုံရေးကို ထိပါးနှောင့်ယှက်မှုမရှိစေရန် ရေကြောင်းလုံခြုံရေး တာဝန်ဆောင်ရွက်ခြင်း၊

(ခ) ရေပြင်နယ်နိမိတ်အတွင်း ပင်လယ်ရေကြောင်းကို အသုံးပြု၍ ဆောင်ရွက်နေသည့် တရားမဝင်လုပ်ငန်း၊ မှူးယစ်ဆေးဝါး သို့မဟုတ် လက်နက်ကို သယ်ဆောင်မှု သို့မဟုတ် ရောင်းဝယ်မှု၊ လူကုန်ကူးမှု၊ နိုင်ငံတကာ အကြမ်းဖက်မှု စသည့်နိုင်ငံဖြတ်ကျော်ပြစ်မှုများ၊ တရားမဝင် ဖြတ်ကျော်ဝင်ရောက်မှုနှင့် ပင်လယ်ဓားပြမှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်း၊

(ဂ) ပင်လယ်ရေကြောင်းဆိုင်ရာအဆောက်အအုံ၊ ပင်လယ်ပြာစီးပွားရေးနှင့် ပင်လယ်ဆိပ်ကမ်းများ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ တာဝန်ခံဌာနအဖြစ် တာဝန်ယူ ဆောင်ရွက်ခြင်း၊

(ဃ) ရေပြင်နယ်နိမိတ်အတွင်း ရေလမ်းကြောင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ရေယာဉ်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို ဆောင်ရွက်ခြင်း၊

(င) အဏ္ဏဝါပတ်ဝန်းကျင်နှင့် အဏ္ဏဝါဂေဟစနစ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေး တားဆီးကာကွယ်ခြင်း၊

(စ) နိုင်ငံတော်၏ ကမ်းရိုးတန်းနိုင်ငံဆိုင်ရာ လုပ်ငန်းတာဝန်များကို တာဝန်ခံဌာနအဖြစ်ဆောင်ရွက်ခြင်းနှင့် ဆိပ်ကမ်းနိုင်ငံဆိုင်ရာ လုပ်ငန်းတာဝန်များကို ပြည်တွင်းပြည်ပ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဇ) လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) နိုင်ငံတော်၏အရေးပေါ်အခြေအနေတွင် တပ်မတော်(ရေ)နှင့်ပူးပေါင်း၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခြင်း၊

(ည) ကမ်းခြေစောင့်တပ်ဖွဲ့နှင့် သက်ဆိုင်သည့် ပညာရပ်များ လေ့ကျင့်သင်ကြားနိုင်သော သင်တန်းများနှင့် နိုင်ငံတကာ ရေကြောင်းဆိုင်ရာ အဖွဲ့အစည်းများ၏ စံချိန်စံညွှန်းနှင့် ညီသောကျောင်းများ ဖွင့်လှစ်ခြင်း၊

(ဋ) အဏ္ဏဝါပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ရေထုညစ်ညမ်းမှု ကာကွယ်တားဆီးခြင်းတို့နှင့် စပ်လျဉ်း၍ အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဌ) ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၉။ ကမ်းခြေစောင့်တပ်ဖွဲ့အကြီးအကဲသည် –

(က) ကမ်းခြေစောင့်တပ်ဖွဲ့ကို တာဝန်ခံကြီးကြပ်ကွပ်ကဲရမည်။

(ခ) ကမ်းခြေစောင့်တပ်ဖွဲ့၏ ဖွဲ့စည်းပုံကိုပြင်ဆင်ရန် လိုအပ်ပါက ဝန်ကြီးဌာနသို့ အဆိုပြုတင်ပြနိုင်သည်။

(ဂ) ကမ်းခြေစောင့်တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် လိုအပ်သောစီမံချက်များနှင့် စီမံကိန်းများကို ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ရေးဆွဲချမှတ်ဆောင်ရွက်ရမည်။

(ဃ) မိမိ၏ လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ သင့်လျော်သည့် တပ်ဖွဲ့ဝင်အရာရှိတစ်ဦးဦးအား သတ်မှတ်ချက်များနှင့်အညီ လွှဲအပ်ဆောင်ရွက်နိုင်သည်။

(င) တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာ၊ စီမံကိန်းနှင့်လေ့ကျင့်ရေး စီမံချက်များကို ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

**အခန်း (၅)**

**ပင်လယ်ရေကြောင်းဆိုင်ရာလုံခြုံရေး**

၁၀။ နိုင်ငံခြားရေယာဉ်သည် မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေနှင့်အညီ အပြစ်ကင်းသော ဖြတ်သန်းမှုကို ကျင့်သုံးခွင့်ရှိသည်။

၁၁။ ကမ်းခြေစောင့်တပ်ဖွဲ့သည် အောက်ပါတာဝန်တို့ကို ဆောင်ရွက်ရမည် –

(က) နိုင်ငံတော်၏အတွင်းပိုင်းရေပြင်မှစ၍ ပိုင်နက်ပင်လယ်အထိ တစ်ဆက်တည်းရှိသော နယ်နိမိတ်အတွင်းနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင်–

(၁) နိုင်ငံခြားရေယာဉ်၏ အပြစ်ကင်းသောဖြတ်သန်းသွားလာခွင့်ကို မထိခိုက်စေဘဲ နိုင်ငံတော်၏ လုံခြုံရေး သို့မဟုတ် ပင်လယ်ရေကြောင်းဆိုင်ရာ လုံခြုံရေးနှင့်စပ်လျဉ်း၍ လိုအပ်ပါက ဖြတ်သန်းသည့် ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၂) နိုင်ငံခြားရေယာဉ်၏ အပြစ်ကင်းသောဖြတ်သန်းသွားလာခွင့်ကို မထိခိုက်စေဘဲ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း မသင်္ကာဖွယ် တွေ့ရှိရသည့် သို့မဟုတ် သတင်းရရှိသည့် ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၃) ပင်လယ်ရေကြောင်းကိုအသုံးပြု၍ ဆောင်ရွက်နေသည့် တရားမဝင်လုပ်ငန်းများနှင့် ပင်လယ်ရေကြောင်းဆိုင်ရာ ဆိုက်ဘာခြိမ်းခြောက်မှုများကို စုံစမ်းစစ်ဆေးခြင်း၊

(၄) နိုင်ငံတော်၏ ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းသွားလာခွင့်အရ ဖြတ်သန်းသွားလာသည့် နိုင်ငံခြားရေယာဉ်က ဝန်ဆောင်မှုလုပ်ငန်း တစ်ခုခုကို သီးခြားဆောင်ရွက်ပေးရန် တောင်းဆိုလျှင် အဆိုပါဝန်ဆောင်မှု လုပ်ငန်းအတွက် သတ်မှတ်ထားသော အခကြေးငွေကို ပေးသွင်းစေပြီး ဆောင်ရွက်ပေးခြင်း၊

(၅) နိုင်ငံတော်၏အတွင်းပိုင်းရေပြင်၌ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခဲ့ပြီး ပိုင်နက်ပင်လယ်ကို ဖြတ်သန်းသွားလာသော နိုင်ငံခြားရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၆) ရေယာဉ်၏ အမှတ်အသား သို့မဟုတ် အလံကို အတုပြုလုပ်မှု သို့မဟုတ် ပုံစံတူဆင့်ပွားပြုလုပ်မှုကျူးလွန်ကြောင်း မသင်္ကာဖွယ်တွေ့ရှိသည့် ရေယာဉ်ပေါ်သို့ တက်ရောက်စစ်ဆေးခြင်း၊

(၇) နိုင်ငံတော်၏ ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းသွားလာခြင်း မဟုတ်သည့် ဖြတ်သန်းသွားလာခြင်းကို သတ်မှတ်ချက်များနှင့်အညီ တားဆီးကာကွယ်ခြင်း၊

(၈) နိုင်ငံတော်၏ အတွင်းပိုင်းရေပြင်သို့ ခုတ်မောင်းနေသည့် ရေယာဉ်များ စည်းကမ်းလိုက်နာမှု ရှိစေရန် ဆောင်ရွက်ခြင်း၊

(၉) လုံခြုံရေးဆိုင်ရာ အရေးပေါ်အခြေအနေအရဖြစ်စေ၊ ဘေးအန္တရာယ် ကင်းရှင်းရေးအရဖြစ်စေ၊ ရေယာဉ်တွင်စီးနင်းလိုက်ပါသူများ၏ ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေအရဖြစ်စေ၊ ရာသီဥတုအခြေအနေအရဖြစ်စေ၊ အခြားသော အရေးပေါ်အခြေအနေတစ်ရပ်ရပ်အရဖြစ်စေ ဝင်ရောက်လာသော နိုင်ငံခြားရေယာဉ်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ရပ်နားခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ အတွင်းပိုင်း ရေပြင်သို့ ဝင်ခွင့်ပြုခြင်း သို့မဟုတ် ဝင်ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(၁၀) ပုံမှန်ကင်းလှည့်ခြင်းနှင့် နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း မသင်္ကာဖွယ်တွေ့ရှိသည့် သို့မဟုတ် သတင်းရရှိသည့် ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၁၁) တရားမဝင်ဖြတ်ကျော်ဝင်ရောက်သည့် ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၁၂) တရားမဝင်ဖြတ်ကျော်ဝင်ရောက်သည့် လူပုဂ္ဂိုလ်ကို တားဆီးခြင်း သို့မဟုတ် အရေးယူခြင်း၊

(၁၃) လူနေထိုင်သောကျွန်းများ၏ ဘေးကင်းလုံခြုံရေးကို ဆောင်ရွက်ခြင်းနှင့် လူနေထိုင်ခြင်းမပြုရန် သတ်မှတ်ထားသည့်ကျွန်းများတွင် တရားမဝင် ဝင်ရောက်နေထိုင်မှုမရှိစေရန် တားဆီးခြင်း။

(ခ) ဆက်စပ်ဇုန်အတွင်း နိုင်ငံတကာ သဘောတူစာချုပ်များအရ ပေးအပ်ထားသော လွတ်လပ်စွာ ဖြတ်သန်းသွားလာခွင့်ကို မထိခိုက်စေဘဲ နိုင်ငံတော်၏ အကောက်ခွန်၊ ငွေကြေး၊ တရားမဝင်ဖြတ်ကျော်ဝင်ရောက်မှုအပါအဝင် လူဝင်မှုကြီးကြပ်ရေး သို့မဟုတ် ကျန်းမာသန့်ရှင်းရေးဆိုင်ရာဥပဒေများပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း မသင်္ကာဖွယ်တွေ့ရှိသည့် သို့မဟုတ် သတင်းရရှိသည့် ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(ဂ) သီးသန့်စီးပွားရေးဇုန်အတွင်း–

(၁) နိုင်ငံတကာသဘောတူစာချုပ်များအရ ပေးအပ်ထားသော လွတ်လပ်စွာ ဖြတ်သန်းသွားလာခွင့်ကို မထိခိုက်စေဘဲ အဏ္ဏဝါသဘာဝသယံဇာတဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း မသင်္ကာဖွယ် တွေ့ရှိသည့် သို့မဟုတ် သတင်းရရှိသည့် ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၂) ပင်လယ်ရေကြောင်းဆိုင်ရာ အဆောက်အအုံ၊ ပင်လယ်ပြာစီးပွားရေး သို့မဟုတ် ပင်လယ်ဆိပ်ကမ်း အပေါ်ကျူးလွန်သော အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှု သို့မဟုတ် နှောင့်ယှက်မှုကို တားဆီး နှိမ်နင်းခြင်း၊

(၃) ပင်လယ်ရေကြောင်းဆိုင်ရာ အဆောက်အအုံ၊ ပင်လယ်ပြာစီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာနေရာ သို့မဟုတ် ပင်လယ်ဆိပ်ကမ်းတွင် လုံခြုံရေး ချိုးဖောက်ကြောင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူတစ်ဦးဦးက ပင်လယ်ရေကြောင်းဆိုင်ရာ အဆောက်အအုံ သို့မဟုတ် ပင်လယ်ပြာစီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာနေရာအတွင်းသို့ ထွက်ပြေးတိမ်းရှောင်ကြောင်း မသင်္ကာဖွယ်တွေ့ရှိပါက သို့မဟုတ် သတင်းရရှိပါက ဝင်ရောက်ရှာဖွေစစ်ဆေးခြင်း၊

(၄) ပင်လယ်ရေကြောင်း လုံခြုံရေးခြိမ်းခြောက်မှုကို တပ်မတော်(ရေ) နှင့်ပူးပေါင်း၍ ကာကွယ်တားဆီးခြင်း၊

(၅) ပင်လယ်ဆိပ်ကမ်း၊ ရေယာဉ်၊ လူပုဂ္ဂိုလ်၊ ကုန်ပစ္စည်း သို့မဟုတ် ပင်လယ်ပြာ စီးပွားရေး၏လုံခြုံရေးကို ထိခိုက်နိုင်သည့်အခြေအနေတွင် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ တပ်မတော်(ရေ) နှင့် ပူးပေါင်း၍ အမျိုးသားအဆင့် လုံခြုံရေးအဆင့်နှင့် ဧရိယာများသတ်မှတ်ခြင်းနှင့် သက်ဆိုင်သူများထံသို့ အသိပေးကြေညာခြင်း။

**အခန်း (၆)**

**ပင်လယ်ရေကြောင်းဆိုင်ရာဘေးအန္တရာယ်ကင်းရှင်းရေး**

၁၂။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပင်လယ်ရေကြောင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စပ်လျဉ်း၍ အောက်ပါတာဝန်တို့ကို ဆောင်ရွက်ရမည်–

(က) နိုင်ငံတော်၏ အတွင်းပိုင်းရေပြင်မှစ၍ ပိုင်နက်ပင်လယ်အထိ တစ်ဆက်တည်းရှိသော နယ်နိမိတ်အတွင်းနှင့် ကမ်းရိုးတန်းတစ်လျှောက် –

(၁) ရေယာဉ်များ ပင်လယ်ရေကြောင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

*(ဆက်လက်ဖော်ပြပါမည်)*



# “မြန်မာ့တန်ဖိုး... မြန်မာ့အနာဂတ်”
## (Myanmar’s Value – Myanmar’s Future)

မောင်မိုး

**“သနပ်ခါး၏ အေးမြသင်းပျံ့သော မွှေးရနံ့မှသည်
ဆယ့်နှစ်ရာသီပန်းများ၏ ရောင်စုံဝင့်လွင်သော ပွင့်ချပ်များအထိ...
ဧရာဝတီ၏ ငြိမ်းချမ်းသော စီးဆင်းမှုမှသည်
စိမ်းလန်းသော ရိုးမတောင်တန်းများအထိ...
မြန်မာတို့၏ အင်အားသည် မြန်မာ့အမွေအနှစ်များ၊
မြန်မာ့တန်ဖိုးများတွင် နက်ရှိုင်းစွာ အမြစ်တွယ်နေပါသည်...”**

မြန်မာနိုင်ငံသည် ခိုင်မာသောသမိုင်းကြောင်း၊ ကြွယ်ဝသော ယဉ်ကျေးမှု အစဉ်အလာများဖြင့် ပြည့်နှက်နေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ရွှေတိဂုံစေတီတော်၏ ကြီးမြတ်သော သာသနာ့ ရွှေရောင်ထွန်းပြောင်မှုမှသည် ဧရာဝတီမြစ်၏ အေးချမ်းသာယာသော စီးဆင်းမှုအထိ မြန်မာနိုင်ငံ၏ ကိုယ်ပိုင်လက္ခဏာကို ရာစုနှစ်ပေါင်းများစွာ တည်ရှိခဲ့သည့် ရိုးရာဓလေ့များ၊ တိုင်းရင်းသားလူမျိုးများ၏ ကြံ့ခိုင်မှုများဖြင့် စုစည်းပုံဖော်ထားသည်။ စင်စစ်အားဖြင့် မြန်မာနိုင်ငံ၏ ကိုယ်ပိုင်လက္ခဏာသည် နိုင်ငံ၏ အမည်အတွင်း၌ပင် အထင်အရှားပေါ်လွင်နေသည်။ “မြန်မာ” ဟူသော စကားလုံးသည် ကျွန်ုပ်တို့ လူမျိုး၏ သန်မာမှုနှင့် လျင်မြန်မှုကို ရောင်ပြန်ဟပ်စေပါသည်။ “မြန်” (Swift) သည် လျင်မြန်မှုနှင့် လိုက်လျောညီထွေဖြစ်မှုကို ကိုယ်စားပြုပြီး “မာ” (Resilience)သည် သန်မာမှုနှင့် ခံနိုင်ရည်ရှိမှုကို ကိုယ်စားပြုသည်။ ဤပေါင်းစပ်မှုသည် ကျွန်ုပ်တို့နိုင်ငံ၏ ကြံ့ကြံ့ခံနိုင်သော စိတ်ဓာတ်ကို ပေါ်လွင်စေသည်။

မြန်မာ့သနပ်ခါးသည် အသားအရည်လှပတင့်တယ်စေသည့် အလှကုန်ပစ္စည်းတစ်ခုထက် ပိုပါသည်။ ၎င်းသည် သန့်ရှင်းစင်ကြယ်မှု၊ နေရောင်ခြည်ဒဏ်ကို ကာကွယ်နိုင်မှုနှင့် မျိုးဆက်တစ်ခုပြီးတစ်ခု လက်ဆင့်ကမ်းလာသော ရိုးရာဓလေ့ကို ကိုယ်စားပြုသည်။ ထိုကဲ့သို့ပင် မြန်မာတို့၏ ယဉ်ကျေးမှုမြင့်မားခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် ကြံ့ကြံ့ခံနိုင်ခြင်းတို့သည် မြန်မာ့တန်ဖိုးများဖြစ်ပြီး ထိုတန်ဖိုးများကို မျိုးဆက်တစ်ခုပြီးတစ်ခု လက်ဆင့်ကမ်း၍ စွမ်းအားအဖြစ် စုစည်းပွေ့ပိုက်ကာ ခေတ်အဆက်ဆက် စိန်ခေါ်မှုများကို လျင်မြန်စွာနှင့် သန်မာစွာ ရင်ဆိုင်ကျော်လွှားခဲ့ခြင်းသည် မြန်မာ့လမ်းစဉ်(Myanmar’s Way)များ အတိုင်းပင် ဖြစ်သည်။ မြန်မာ့နည်းမြန်မာ့ဟန် (Myanmar–Owned and Myanmar–Led) ဖြင့်ပင် မြန်မာနိုင်ငံသည် သမိုင်းတစ်လျှောက် ကြုံတွေ့ခဲ့ရသော ကိုလိုနီခေတ်၊ ထိုမှတစ်ဆင့် ပေါ်ပေါက်လာသော ရောင်စုံသူပုန်ခေတ်၊ ခေတ်အဆက်ဆက် ရှင်ကြီးဝမ်းနှင့် ရှင်ငယ်ဝမ်း အသီးသီးတွင် ဖြတ်သန်းရင်း နိုင်ငံရေးပဋိပက္ခ အဖုံဖုံတို့ကို ကျော်လွှားနိုင်ခဲ့ကာ မုန်တိုင်းအပြီး ထွက်ပေါ်လာသည့် ရောင်စုံသက်တံပမာ တစ်ဖန်ထွန်းလင်းတောက်ပခဲ့သည့်သာဓက သမိုင်းများရှိခဲ့ပြီ ဖြစ်ပါသည်။



### သမိုင်းကြောင်းတန်ဖိုး

မြန်မာနိုင်ငံသည် ရှေးကျသော ယဉ်ကျေးမှု၊ ထူးခြားသည့် သမိုင်းအမွေအနှစ်နှင့် လှပသောသဘာဝတရားတို့ဖြင့် ကမ္ဘာ့သမိုင်းတွင် အထူးခြားဆုံးနေရာတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ ကျွန်ုပ်တို့၏ မြေသည် ပုဂံခေတ်မှ စတင်၍ ကိုလိုနီခေတ်၊ လွတ်လပ်ရေး ကြိုးပမ်းမှုနှင့် ယနေ့ခေတ်အထိ ရှည်လျားသော သမိုင်းကြောင်းများကို ပိုင်ဆိုင်ထားပြီး ထိုအမွေအနှစ်များသည် မြန်မာလူမျိုးတို့၏ ဂုဏ်ရည်နှင့် စိတ်ဓာတ်ကို ထင်ဟပ်စေသည်။ နှစ်ပေါင်းထောင်ချီရှိသော သမိုင်းကြောင်းတွင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ မြို့ပြခေတ် ယဉ်ကျေးမှုအဆင့်ဆင့် ထွန်းကားလာမှုကို ပုဂံပြည်ကြီးက သက်သေထူလျက်ရှိပါသည်။ **“တကောင်းအဘိရာဇာ၊ တို့မြန်မာ သာကီမျိုးဟာမို့”** ဟု စာဖွဲ့ခဲ့ရသော တကောင်းမှ စ၍ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင် စသည့် ခေတ်စဉ်များတစ်လျှောက် မြန်မာတို့သည် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ခံ့ညားထည်ဝါစွာ နေထိုင်ခဲ့ကြသည်။ *စာမျက်နှာ ၉ သို့*

**❝ အာရှတိုက်အရှေ့တောင်ပိုင်းရှိ အင်ဒိုချိုင်းနားကျွန်းဆွယ်ကြီး၏ အနောက်ပိုင်းတွင် မဟာဗျူဟာကျကျ တည်ရှိနေခြင်းနှင့်အတူ နိုင်ငံအတွင်း သဘာဝသယံဇာတများ ပေါကြွယ်ဝမှုများ၊ ကမ်းရိုးတန်းတည်ရှိမှုအနေအထား၊ သဘာဝနှင့် ဖန်တီးဆိပ်ကမ်းများ ရရှိနိုင်မှုအနေအထား၊ မြစ်ချောင်းများ၏ တည်ရှိမှုအနေအထား၊ မြေဆီသြဇာပြည့်ဝမှု၊ အဓိက ကုန်သွယ်ရေးကြောင်း ဆက်သွယ်ရေးလမ်းကြောင်းများနှင့် နီးကပ်မှု၊ သမုဒ္ဒရာများအတွင်းသို့ အလွယ်တကူဝင်ရောက်နိုင်သည့် ပင်လယ်ပြင်ထွက်ပေါက်ရှိခြင်း စသည့်ရေကြောင်းဆိုင်ရာ အနေအထားများသည် မြန်မာပထဝီတန်ဖိုးများဖြစ် ❞**







*စာမျက်နှာ ၈ မှ*

အစွန့်ရှည်တည်တံ့ ခိုင်မြဲလာခဲ့သော မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် နိုင်ငံတော်ကြီး တည်တံ့ခိုင်မာရေးအတွက် ဘိုးဘွားဘီဘင်များ သွေးနှင့် ရေးထိုးခဲ့သော သမိုင်းမှတ်တမ်းကောင်းများ၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အသက်၊ သွေး၊ ချွေးပေးဆပ်ပြီး ထိန်းသိမ်းစောင့်ရှောက်ခဲ့သော သမိုင်းမှတ်တမ်းကောင်းများသည် ယနေ့ထက်တိုင် မော်ကွန်းတင်ထားဆဲဖြစ်သည်။ မြန်မာ့သမိုင်း၏ တန်ဖိုးသည် အတိတ်ကို မှတ်တမ်းတင်ရုံသာမက သင်ခန်းစာယူ၍ အနာဂတ်ကို ပုံဖော်ဖန်တီးရန်ဖြစ်သည်။ သင်ခန်းစာယူရန် အခြေခံဖြစ်သည်။ ကျွန်ုပ်တို့၏ မျိုးဆက်သစ်များအနေဖြင့် ဤသမိုင်းအမွေကို ထိန်းသိမ်းကာကွယ်ပြီး ငြိမ်းချမ်းသော၊ ဖွံ့ဖြိုးသောနိုင်ငံတစ်ခုအဖြစ် ဆက်လက်တည်ဆောက်ရန် တာဝန်ရှိသည်။

**ပထဝီဗဟိုချက် တန်ဖိုး**

မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ အင်ဒိုချိုင်းနား ကျွန်းဆွယ်အား ပိုင်းခြားထားပြီး အရှေ့ဘက်တွင် အာဆီယံအပါအဝင် အာရှဒေသတစ်ခုလုံးနှင့် ပစိဖိတ်သမုဒ္ဒရာ၊ အနောက်ဘက်တွင် တောင်အာရှဒေသ အပါအဝင် အိန္ဒိယသမုဒ္ဒရာစသည့် သမုဒ္ဒရာနှစ်စင်းနှင့် ဒေသတစ်ခုကို ပိုင်းခြားထားပါသည်။ တစ်နည်းအားဖြင့် ၎င်း**ဒေသနှစ်ခုနှင့် သမုဒ္ဒရာနှစ်စင်းတို့အား ဆက်စပ်ပေးရာ Land Bridge တစ်ခုအဖြစ် တည်ရှိနေပါသည်။ မြန်မာ့ပင်လယ်ပြင်နှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယသမုဒ္ဒရာသည် အာရှတိုက်၊ အာဖရိကတိုက်နှင့် ဩစတြေးလျတိုက်တို့၏ ဆက်သွယ်ရာဗဟိုတွင် တည်ရှိပြီး ကမ္ဘာ့ကုန်သွယ်ရေးနှင့် စီးပွားရေးအရ အချက်အချာကျသည်သာမက ပထဝီနိုင်ငံရေး (Geopolitics) နှင့် ပထဝီစီးပွားရေး (Geoeconomics) အရ အလွန်အရေးပါသော နေရာတစ်ခု ဖြစ်ပါသည်။**

တောင်အာရှနှင့် အရှေ့တောင်အာရှ အကြား ဆုံမှတ်တွင် တည်ရှိသော မြန်မာနိုင်ငံသည် ကုန်သွယ်ရေး၊ သံတမန်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးတို့၏ ဗဟိုချက်ဖြစ်ခဲ့ပြီး မြန်မာတို့၏ ပထဝီနိုင်ငံရေး တန်ဖိုးတစ်ခုလည်း ဖြစ်ပါသည်။ ဘုရားစေတီပုထိုးများစွာ တည်ရှိသော ရှေးဟောင်းမြို့တော် ပုဂံသည် တစ်ချိန်က အိန္ဒိယ၊ တရုတ်နှင့် အရှေ့တောင်အာရှကြား သမိုင်းနှင့် ယဉ်ကျေးမှု တံတားအဖြစ်တည်ရှိခဲ့ပြီး ဒေသတစ်ဝန်းမှ ပညာရှင်များနှင့် ကုန်သည်များကို ဆွဲဆောင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ **အာရှတိုက်အရှေ့တောင်ပိုင်းရှိ အင်ဒိုချိုင်းနားကျွန်းဆွယ်ကြီး၏ အနောက်ပိုင်းတွင် မဟာဗျူဟာကျကျ တည်ရှိနေခြင်းနှင့်အတူ နိုင်ငံအတွင်း သဘာဝသယံဇာတများ ပေါကြွယ်ဝမှုများ၊ ကမ်းရိုးတန်းတည်ရှိမှုအနေအထား၊ သဘာဝနှင့် ဖန်တီးဆိပ်ကမ်းများ ရရှိနိုင်မှုအနေအထား၊ မြစ်ချောင်းများ၏ တည်ရှိမှုအနေအထား၊ မြေဆီဩဇာပြည့်ဝမှု၊ အဓိက ကုန်သွယ်ရေကြောင်း ဆက်သွယ်ရေးလမ်းကြောင်းများနှင့် နီးကပ်မှု၊ သမုဒ္ဒရာများအတွင်းသို့ အလွယ်တကူဝင်ရောက်နိုင်သည့် ပင်လယ်ပြင်ထွက်ပေါက်ရှိခြင်းစသည့် ရေကြောင်းဆိုင်ရာ အနေအထားများသည် မြန်မာပထဝီတန်ဖိုးများ ဖြစ်ပါသည်။** ၎င်းပထဝီဗဟိုချက်တန်ဖိုးများကို မြန်မာနိုင်ငံသားအားလုံး အစဉ်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ပြီး မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက် ထိရောက်စွာ အသုံးချဖန်တီးအကောင်အထည်ဖော်ရန် လိုအပ်မည်ဖြစ်ပါသည်။

> **ကမ္ဘာ့အလယ်တွင် မိမိတို့၏ကိုယ်ပိုင်သမိုင်းယဉ်ကျေးမှုများဖြင့် နှစ်ပေါင်းထောင်ချီ ခိုင်မာစွာတည်ရှိလာခြင်းနှင့်အတူ အနာဂတ်တွင်လည်း မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များ မြှင့်တင်ရေး၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နေရာများ တိုးမြှင့်ရေးနှင့် မြန်မာ့ Identity (မြန်မာ့ဝိသေသ)များ မြှင့်တင်နိုင်ရေးသည် နိုင်ငံသားအားလုံး၏ အဓိကသမိုင်းပေး တာဝန်တစ်ခုပင်ဖြစ်**




**စီးပွားရေးတန်ဖိုး**

စီးပွားရေးသည်လည်း မြန်မာတို့၏ အဓိကတန်ဖိုးတစ်ခုဖြစ်ခဲ့သည်။ မြန်မာနိုင်ငံသည် တစ်ချိန်က ကမ္ဘာ့ဆန်အများဆုံးတင်ပို့သည့် နိုင်ငံတစ်နိုင်ငံ **"အာရှတိုက်၏ ဆန်အိုး"** အဖြစ် လူသိများခဲ့သည်။ ပုဂံခေတ် (အေဒီ ၉၄၉-၁၂၉၇) တွင် ငွေကြေးစနစ်ကို ငွေဒင်္ဂါး၊ ငွေခဲများဖြင့် အသုံးပြုခဲ့ပြီး အိန္ဒိယ၊ တရုတ်နှင့် အရှေ့တောင်အာရှနိုင်ငံများနှင့် ကုန်သွယ်မှုပြုခဲ့သည်။ အင်းဝ၊ ဟံသာဝတီ၊ ကုန်းဘောင်ခေတ်များ (၁၄-၁၉ ရာစု)တွင် ဆား၊ ကျွန်းသစ်၊ သစ်မာတို့သည် အရေးပါသော ကုန်သွယ်မှုပစ္စည်းများဖြစ်ခဲ့ပြီး ဥရောပ (ပေါ်တူဂီ၊ ဒတ်ချ်)၊ အိန္ဒိယ၊ တရုတ်တို့နှင့် ကုန်သွယ်မှုများ တိုးတက်ခဲ့သည်။ ကျောက်စိမ်းနှင့် ပတ္တမြားမှသည် ရေနံနှင့် သဘာဝဓာတ်ငွေ့အထိ မြန်မာ့သယံဇာတကြွယ်ဝမှုသည် မြန်မာနိုင်ငံကို အာရှတွင် ကြွယ်ဝသော နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုခြင်း ခံခဲ့ရသည်။ သို့ဖြစ်ရာ ယနေ့ မြန်မာ့စီးပွားရေး တန်ဖိုးများ ပြန်လည်မြှင့်တင်နိုင်ရေးတွင် GDP တိုးတက်ရေး၊ ထုတ်ကုန်တိုးမြှင့်ရေး၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ MSME လုပ်ငန်းများ၊ စိုက်ပျိုးရေးကဏ္ဍ တိုးမြှင့်ရေးနှင့် ခရီးသွားကဏ္ဍတိုးမြှင့်ရေးများအား အရှိန်အဟုန်ဖြင့် အဆင့်လိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။



**ဘာသာ၊ သာသနာ ယဉ်ကျေးမှုတန်ဖိုး**

မြန်မာနိုင်ငံသည် ဘာသာ၊ သာသနာ ယဉ်ကျေးမှုအစဉ်အလာများ နှစ်ပေါင်းထောင်ချီ ထွန်းကားတည်ရှိခဲ့သောနိုင်ငံဖြစ်သည်။ မြန်မာတို့၏ လူ့ဘောင်လောကနယ်ပယ်တွင် ဘာသာတရားနှင့် ယဉ်ကျေးမှုအစဉ်အလာများကို အစဉ်အဆက် ထိန်းသိမ်းရှင်သန် ရပ်တည်နေထိုင်ခဲ့ကြပေသည်။ မြန်မာ့ယဉ်ကျေးမှုသည် ဗုဒ္ဓဘာသာ၏ အဆုံးအမများပေါ်တွင် အခြေခံပြီး ကရုဏာ၊ မေတ္တာ၊ စေတနာ၊ သဒ္ဓါတရားတို့ဖြင့် လူမှုအသိုင်းအဝိုင်းကို စည်းလုံးညီညွတ်စေသည်။ ရိုးရာပွဲတော်များ၊ ဘာသာရေးအခမ်းအနားများတွင် ပြည်သူများ စုပေါင်းပါဝင်ခြင်းသည် ဤစည်းလုံးမှုကို ထင်ဟပ်စေသည်။ မြန်မာလူမျိုးတို့၏ ရိုးသားမှု၊ သစ္စာရှိမှု၊ ကျေးဇူးသိတတ်မှုတို့သည် ဗုဒ္ဓဘာသာ၏သီလနှင့် ဝါရိတ္တသမာဓိများမှ ပေါက်ဖွားလာသည်။ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်သည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်သကဲ့သို့ ဘာသာမျိုးစုံ လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသော နိုင်ငံလည်းဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်များသည် မိမိဘာသာကို တန်ဖိုးထားမြတ်နိုးကြသလို သူတစ်ပါးဘာသာကိုလည်း လေးစား တန်ဖိုးထားသူများ ဖြစ်သည်။ သို့ဖြစ်၍လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် နိုင်ငံရေးအရ လွတ်လပ်ခွင့်နှင့် ဘာသာရေးအရ လွတ်လပ်ခွင့်များကို ထည့်သွင်းပြဋ္ဌာန်းထားရှိခြင်းဖြစ်သည်။

ဟန်လင်းမြို့ဟောင်း၊ ဗိဿနိုးမြို့ဟောင်း၊ သရေခေတ္တရာမြို့ဟောင်းနှင့် ပုဂံရှေးဟောင်း ယဉ်ကျေးမှုဒေသများအား UNESCO ၏ ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် ထည့်သွင်းမှတ်တမ်းတင်ခြင်းကလည်း မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ကမ္ဘာက အသိအမှတ်ပြုလိုက်ခြင်းပင်ဖြစ်သည်။

*စာမျက်နှာ ၁၀ သို့*

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သတင်းမီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းစာ၊ ဂျာနယ်ထုတ်ဝေသူများနှင့် တွေ့ဆုံ



**ရန်ကုန် ဇူလိုင် ၁၇**

သတင်းမီဒီယာကဏ္ဍ တိုးတက်ရေးအတွက် သတင်းစာ၊ ဂျာနယ်ထုတ်ဝေသူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်အမှာစကား ပြောကြားသည်။

**ဆွေးနွေးပြောကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော အခြေအနေများနှင့် သတင်းမီဒီယာများ လိုက်နာဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများအားလည်းကောင်း၊ သတင်းများဖော်ပြရာတွင် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား၊ ပြည်သူများ၏ အကျိုးစီးပွားကို မထိခိုက် မပျက်ပြားအောင် ရေးသားဖော်ပြရန် လိုအပ်မှု အခြေအနေများအားလည်းကောင်း၊ သတင်းတု၊ သတင်းမှားများ အန္တရာယ်နှင့် သတင်းမှန်များ ထုတ်လွှင့်ဖော်ပြပေးရန် လိုအပ်မှုအခြေအနေများအားလည်းကောင်း ဆွေးနွေးပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၂) ဦးခင်မောင်ကျော်ဒင်နှင့် တက်ရောက်လာကြသည့် သတင်းစာ၊ ဂျာနယ်များမှ ထုတ်ဝေသူများနှင့် တာဝန်ရှိသူများက သတင်းမီဒီယာကဏ္ဍ တိုးတက်ရေးအတွက် ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

# ပန်းတောင်းမြို့နယ်၌ ရေပြင်အသက်ကယ်သဏ္ဍာန်တူ ဇာတ်တိုက်သရုပ်ပြလေ့ကျင့်



**ပန်းတောင်း ဇူလိုင် ၁၇**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် သရက်လိန်အုပ်စု သူရဲဇီးကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ယနေ့နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်း၍ ရေပြင်အသက်ကယ် သဏ္ဍာန်တူ ဇာတ်တိုက်သရုပ်ပြ လေ့ကျင့်ခြင်း အခမ်းအနား ကျင်းပရာ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်သူရ အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးသီဟ ဦးဆောင်၍ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များက မုန်တိုင်းကျရောက်နိုင်မည့် အခြေအနေ၊ ရေကြီးရေလျှံမှု ဖြစ်ပွားနိုင်သည့် အခြေအနေများအား အများပြည်သူများသိရှိစေရန် မြို့နယ်ရှာဖွေကယ်ဆယ်ရေး အဖွဲ့များနှင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ဧရာဝတီမြစ်ကြောင်း တစ်လျှောက် လှည့်လည် ဆော်ဩသရုပ်ပြသခြင်း၊ ရေနစ်နေသူအား ရှာဖွေကယ်ဆယ်ရေးရေယာဉ်၊ Life Jacket များအသုံးပြု၍ အရေးပေါ်ကယ်ဆယ်ရေးနှင့် ရှေးဦးပြုစုကုသနည်းများ၊ အချိန်မီ နီးစပ်ရာ ကျန်းမာရေးဌာနသို့ ပို့ဆောင်နိုင်ရေးတို့အား သရုပ်ပြသခြင်း၊ မြေနုကျွန်းပေါ်ရှိ ရေဘေးသင့်ပြည်သူများကို ရှာဖွေကယ်ဆယ်ရေးရေယာဉ်များ အသုံးပြု၍ ဘေးလွတ်ရာသို့ ကယ်ဆယ်ရွှေ့ပြောင်းခြင်းတို့ကို သရုပ်ပြသခဲ့သည်။ **လပြည့်လင်း(ပြန်/ဆက်)**

*စာမျက်နှာ ၉ မှ*



ထို့အတူ မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်သည် UNESCO ၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ဖြစ်ခဲ့ပြီး မြန်မာ့ရိုးရာသနပ်ခါးသည်လည်း မကြာခင်အချိန်ကာလတစ်ခုတွင် UNESCO ၏ အမွေအနှစ်စာရင်းတွင် ပါဝင်လာနိုင်တော့မည်ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်တော်မူသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံမှာ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်နှင့် ကမ္ဘာကြီးငြိမ်းချမ်းသာယာမှု ဖြစ်စေရန်ဆိုသည့် မွန်မြတ်သော ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။ **ကမ္ဘာ့အလယ်တွင် မိမိတို့၏ကိုယ်ပိုင် သမိုင်းယဉ်ကျေးမှုများဖြင့် နှစ်ပေါင်း ထောင်ချီ ခိုင်မာစွာတည်ရှိလာခြင်းနှင့် အတူ အနာဂတ်တွင်လည်း မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များ မြှင့်တင်ရေး၊ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်နေရာများ တိုးမြှင့်ရေးနှင့် မြန်မာ့ Identity (မြန်မာ့ ဝိသေသ)များ မြှင့်တင်နိုင်ရေးသည် နိုင်ငံသားအားလုံး၏ အဓိကသမိုင်းပေး တာဝန်တစ်ခုပင်ဖြစ်ပါသည်။** မြန်မာတို့၏ ဘာသာ၊ သာသနာယဉ်ကျေးမှုအစဉ်အလာသည် လူမှုအသိုက်အဝန်း စည်းလုံးညီညွတ်မှု၊ အနုပညာဖွံ့ဖြိုးမှု၊ ကိုယ်ကျင့်တရားမြင့်မားမှုနှင့် သမိုင်းအမွေအနှစ်တို့ကို ပေါင်းစပ်ထားသော မြန်မာ့အသက် သွေးကြောပင်ဖြစ်သည်။ ဤတန်ဖိုးများကို ထိန်းသိမ်းခြင်းဖြင့် မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် နှစ်ပေါင်းထောင်ချီသော ယဉ်ကျေးမှုတို့ အခြေတည်လာသည့် သမိုင်းကြောင်းကို ထင်ဟပ်ပြသနေမည်ဖြစ်ပါသည်။

**လူမှုရေးတန်ဖိုး**

မြန်မာ့ရိုးရာ "ထမင်းဝိုင်း" သည်လည်း အစားအစာထက်ပိုသည့် မိသားစု၏ စည်းလုံးမှု၊ ရိုးရာဓလေ့နှင့် လူမှုရေးတန်ဖိုးများ ဖော်ဆောင်သော ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည်။ မြန်မာ့ထမင်းဝိုင်းတွင် မိသားစုဝင်အားလုံး စုဝေးပြီး တစ်ဝိုင်းတည်းထိုင်ကာ ထမင်း၊ ဟင်းများကိုအတူတကွမျှဝေစားသောက်ခြင်း၊ လူကြီး၊ လူငယ်၊ ကလေးအားလုံး အဆင့်အတန်း မခွဲခြားဘဲ တန်းတူညီမျှ ပါဝင်ခြင်းတို့ကို တွေ့မြင်နိုင်သည်။ ထမင်းဝိုင်းသည် စည်းလုံးမှု၏ သင်္ကေတဖြစ်သည်၊ မိသားစုအတွင်း ချစ်ခြင်းမေတ္တာ၊ ပြောဆိုဆက်ဆံမှုများကို မြှင့်တင်ပေးသည်။ ဧည့်သည်များကို ထမင်းဝိုင်းသို့ ဖိတ်ခေါ်ခြင်းဖြင့် ရိုးရာဓလေ့ ဧည့်ဝတ်ကျေပွန်မှုကို ပြသပါသည်။ မိသားစုအခြေပြု ကျေးလက်စည်းလုံးမှု၊ ရိုးရာဓလေ့နှင့် ဘာသာတရားအပေါ် လေးစားမှု၊ တန်းတူညီမျှမှု၊ ကရုဏာနှင့် ရိုးသားမှု၊ မေတ္တာ၊ ဒါန၊ သဘာဝနှင့် ဟန်ချက်ညီစွာ နေထိုင်မှုတို့သည် မြန်မာ့လူမှုရေးတန်ဖိုးများပင်ဖြစ်သည်။ ထို့အတူ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အလှူအတန်းနှင့် ပေးကမ်းစွန့်ကြဲမှု အထက်သန်ဆုံးနိုင်ငံများတွင် ကမ္ဘာ့ထိပ်ဆုံးအဆင့်၌ ရပ်တည်လျက်ရှိခြင်းကို ကြည့်ခြင်းအားဖြင့် မြန်မာလူမျိုးတို့၏ စိတ်နေစိတ်ထား လူမှုဆက်ဆံရေးဓလေ့တန်ဖိုးများကို တွေ့ရှိနိုင်မည်ဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံ၊ ပဋိပက္ခများ ပြည့်နှက်နေသည့် နိုင်ငံဟု မည်သို့ပင် သမုတ်စေကာမူ မြန်မာတို့၏ "အလှူရေစက်လက်နှင့် မကွာ" ဓလေ့ရိုးရာ တန်ဖိုးများသည် ကမ္ဘာပေါ်တွင် သဒ္ဓါတရားပြည့်ဝသော လူမျိုးများအဖြစ် နှံ့မနစ်သော ပတ္တမြားကဲ့သို့ပင် တည်ရှိနေမည်ဖြစ်ပါသည်။

**ပြည်ထောင်စုစိတ်ဓာတ် တန်ဖိုး**

**ပြည်ထောင်စုစိတ်ဓာတ် တန်ဖိုးသည် မြန်မာနိုင်ငံ၏ အသက်သွေးကြောနှင့် ဝိညာဉ်ပင်ဖြစ်သည်။ ယင်းသည် အတိတ်က ရဲရင့်သော စွန့်လွှတ်အနစ်နာခံမှုများ၊ ပစ္စုပ္ပန်၏ ကြီးမားသော စိန်ခေါ်မှုများအပေါ် ကျော်လွှားနိုင်မှုများနှင့် အနာဂတ်အတွက် လှပတင့်တယ်သော မျှော်လင့်ချက်များကို ကိုယ်စားပြုသည်။** ပြည်ထောင်စုဟူသည် နိုင်ငံတစ်ဝန်းလုံးရှိ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံတို့၏ ညီညွတ်မှု၊ စည်းလုံးမှု၊ ဂုဏ်သိက္ခာနှင့် တည်တံ့ခိုင်မြဲရေးအတွက် မရှိမဖြစ် အခြေခံအုတ်မြစ်ကြီး တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ မတူကွဲပြားသော တောတောင်ရေမြေ သဘာဝအနေအထားများနှင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား အသွေးအရောင်၊ ဓလေ့စရိုက်၊ ယဉ်ကျေးမှုများ ကွဲပြားကြသော်လည်း တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသော ပြည်ထောင်စုဖွား ညီအစ်ကို မောင်နှမများပင်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်သည် ညီညွတ်ခြင်း၏ အင်အားကိုပြသပြီး တစ်သားတည်းရှိသော စိတ်၊ မိသားစုသဖွယ် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ရေရှည်အကျိုးစီးပွားကို တည်ဆောက်ခြင်းဖြစ်သည်။ ထိုသို့တည်ဆောက်ရာတွင် နိုင်ငံတော်အတွင်း ကြုံတွေ့ရင်ဆိုင်လာသည့် မည်သည့်အခက်အခဲများမဆို ပြည်ထောင်စုစိတ်ဓာတ်များဖြင့် ပူးပေါင်းဖြေရှင်းကျော်လွှားကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူခဲ့သည့် သမိုင်းကြောင်းမှသည် ယနေ့ နိုင်ငံတစ်ဝန်း ခိုင်မာသော ငြိမ်းချမ်းရေး တည်ဆောက်ခြင်းနှင့် သဘာဝဘေးဒဏ်ကြီးများမှ ပြန်လည်ရုန်းထရေးအထိ ပြည်ထောင်စု စိတ်ဓာတ်ခွန်အားဖြင့် ချီတက်လျှောက်လှမ်းရန် လိုအပ်မည်ဖြစ်သည်။ ဤတန်ဖိုးကြီးကို ထိန်းသိမ်းရန်နှင့် အကောင်အထည်ဖော်ရန်မှာ အစိုးရတစ်ရပ်တည်း၏ တာဝန်သာမက၊ နိုင်ငံသားတိုင်း၊ လူမှုအဖွဲ့အစည်းတိုင်း၊ တိုင်းရင်းသားတိုင်း၏ တာဝန်ဝတ္တရားများ ဖြစ်ပါသည်။ ॥

*(ဆက်လက်ဖော်ပြပါမည်)*

**❑ ပြည်ထောင်စုစိတ်ဓာတ်တန်ဖိုးသည် မြန်မာနိုင်ငံ၏ အသက်သွေးကြောနှင့် ဝိညာဉ်ပင်ဖြစ်သည်။ ယင်းသည် အတိတ်က ရဲရင့်သော စွန့်လွှတ်အနစ်နာခံမှုများ၊ ပစ္စုပ္ပန်၏ကြီးမားသော စိန်ခေါ်မှုများအပေါ် ကျော်လွှားနိုင်မှုများနှင့် အနာဂတ်အတွက် လှပတင့်တယ်သော မျှော်လင့်ချက်များကို ကိုယ်စားပြု**

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၁၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ပွဲကို ယနေ့ညနေပိုင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မင်္ဂလာကန်၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ၊ ဝန်ကြီးရုံးနှင့်ဦးစီးဌာနများမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ငါးမျိုး စိုက်ထည့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ငါးမြစ်ချင်းနှင့် ငါးခုံးမသားပေါက်များကို မင်္ဂလာကန်အတွင်း ငါးမျိုး စိုက်ထည့်ပေးကြသည်။

ထို့နောက် ဝန်ထမ်းများက သတ်မှတ်နေရာများ၌ ငါးသားပေါက်များ မင်္ဂလာကန်အတွင်း ငါးမျိုး စိုက်ထည့်ပေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြကြောင်းနှင့် အခမ်းအနားတွင် မင်္ဂလာကန်အတွင်း ငါးသယံဇာတ တိုးပွားစေရေး ရည်ရွယ်ချက်ဖြင့် သဘာဝအလျောက် ကြီးထွားနှုန်းမြန်ဆန်သည့် ငါးမြစ်ချင်းနှင့် ငါးခုံးမ ကောင်ရေ ၂၅၀၀၀ ကို ငါးမျိုး စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၏ ကုသရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှု

**နေပြည်တော် ဇူလိုင် ၁၇**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့ သွားရောက်၍ လေးထပ်ကုသဆောင်သစ်၌ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ အကြောအဆစ်နှင့် ပြန်လည်သန်စွမ်းရေးဌာန ပြောင်းရွှေ့ဖွင့်လှစ်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အထူးကုပြင်ပလူနာဌာနများ ဖွင့်လှစ်ထားရှိမှု၊ အကြောအဆစ်နှင့် ပြန်လည်သန်စွမ်းရေး ပြင်ပလူနာဌာန ဖွင့်လှစ်ထားရှိမှု၊ အတွင်းလူနာဆောင်များ ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှုနှင့် ပြန်လည်သန်စွမ်းရေးအတွက် လေ့ကျင့်ခန်းပြုလုပ်နိုင်မည့် ခေတ်မီစက်ကိရိယာများ တပ်ဆင်ထားသည့်အခန်းများ၊ ဆေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများအား သင်ကြားရေး ဆောင်ရွက်နေမှုများ၊ သင်ကြားရေးအခန်းများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် လာရောက်ပြသသော လူနာများအား အားပေးစကားပြောကြားပြီး နေ့စဉ်ကုသရေးလုပ်ငန်း ဆောင်ရွက်မှုများ အဆင်ပြေစေရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။



ယင်းနောက် အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုအုပ်၊ သူနာပြုကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံရာ ဆေးရုံအုပ်ကြီး ဒေါက်တာစောသက်လျှာအောင်က ဆေးရုံလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ အရည်အသွေးကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီရရှိစေရေး အဘက်ဘက်မှ ကြိုးပမ်းဖြည့်ဆည်းလျက်ရှိပါကြောင်း၊ အခြေခံလိုအပ်၍ အသုံးများသည့် ဆေးဝါးများ၊ အရေးကြီးသည့် ဆေးဝါးများ၊ ဓာတ်ခွဲစစ်ဆေးမှုများ၊ ဓာတ်မှန်ရိုက်ကူးမှုများကို အခမဲ့ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုနှင့်အတူ ဆေးဝါးရန်ပုံငွေများ ခွဲဝေချထားခြင်း၊ ဗဟိုမှ ဆေးနှင့် ဆေးပစ္စည်းများ ဝယ်ယူထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများနှင့်ထိတွေ့ကာ ကုသမှုဆောင်ရွက်နေသော အထူးကုဆရာဝန်များ၊ ဆေးရုံစီမံခန့်ခွဲသူများ၊ အခြားသောကျန်းမာရေးဝန်ထမ်းများအားလုံးက အကျိုးရှိရှိ အသုံးပြုပြီး ပြည်သူများကို ထိရောက်စွာ ထောက်ပံ့ပေးနိုင်ရေး အားလုံးညှိနှိုင်းပါဝင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ လိုအပ်ချက်များ တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဌာနကို ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး လေးထပ်ကုသဆောင်သို့ ပြောင်းရွှေ့၍ ပြင်ပလူနာဌာနကို ၂၀၂၅ ခုနှစ် ဧပြီ ၁၀ ရက်က စတင်ဖွင့်လှစ်ထားပြီး ပြင်ပလူနာဌာနနှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆိုင်ရာ လေ့ကျင့်ခန်းများနှင့် ကုသမှုများကို ရုံးဖွင့်ရက်များ၌ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြောင်းမြမြို့နယ်၌ အမှိုက်ခွဲခြား စွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေး

**မြောင်းမြ ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အမှိုက်လေးမျိုးခွဲခြားစွန့်ပစ်ခြင်း အသိပညာပေးဟောပြောပွဲများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်က စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း မြကျွန်းရွှေဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဒေါ်စိုးစိုးနှင်းက အမှိုက်လေးမျိုး ခွဲခြားစွန့်ပစ်ခြင်းနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**



# ဘားအံမြို့နယ် ဒုံရင်းသဘာဝစမ်းရေတံခွန်အတွင်း ငါးမျိုးစိုက်ထည့်

**ဘားအံ ဇူလိုင် ၁၇**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ဒေသခံပြည်သူများနှင့်အတူ ဇူလိုင် ၁၆ ရက် နံနက် ၈ နာရီက ဘားအံမြို့နယ် လှိုက်ကမ္ဘာကျေးရွာအုပ်စု ဒုံရင်းသဘာဝစမ်းရေတံခွန်အတွင်း ငါးမျိုးများ စိုက်ထည့်ပေးသည်။



ငါးမျိုး စိုက်ထည့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒုံရင်းအခြေခံပညာနှင့် စက်မှုစိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့်အတူ ရှင်သန်ကြီးထွားရန် အကောင်းဆုံးအရွယ်ရှိသော ငါးမြစ်ချင်းကောင်ရေ ငါးသောင်း၊ ငါးခုံးမကြီးကောင်ရေ ငါးသောင်း စုစုပေါင်းကောင်ရေ တစ်သိန်းကို ဒုံရင်းသဘာဝစမ်းရေတံခွန်အတွင်း ငါးမျိုးစိုက်ထည့်ပေးကြသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ။

# ငလျင်ကြောင့်ပျက်စီးခဲ့သည့်နေအိမ်များ ထောက်ပံ့ရန်အတွက် အမိုးသွပ်ပြားများထုတ်လုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**

ငလျင်ကြောင့် ပျက်စီးခဲ့သည့်နေအိမ်များ ထောက်ပံ့ရန်အတွက် အမိုးသွပ်ပြားများ ထုတ်လုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေအိမ်များကို ပြန်လည်ပြုပြင်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဘိလပ်မြေ၊ J Wood ၊ အမိုးသွပ် (၃၀ ဂိတ်)၊ သစ်မာနှင့် Rebar တို့ကို အိမ်အမျိုးအစားများအလိုက် ထောက်ပံ့ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။



မိမိတို့ စက်မှုဝန်ကြီးဌာနအနေဖြင့်လည်း ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်ပမာဏအတိုင်း ဒေသအလိုက် ထိထိရောက်ရောက် ထောက်ပံ့ပေးအပ်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်သွားကြရန် တာဝန်ရှိကြောင်း၊ ပြည်သူများသို့ ထောက်ပံ့ပေးရန်အတွက် အမိုးပြားအချပ်ရေ ၁ ဒသမ ၈၃ သန်းခန့် လိုအပ်မည်ဖြစ်သည့်အတွက် ၎င်းပမာဏရရှိအောင် ဆောင်ရွက်မည့်အစီအမံများနှင့်ပတ်သက်၍ လုပ်ငန်းရှင်များအနေဖြင့် လက်ရှိကုန်ချောလက်ကျန်များအခြေအနေ၊ ထပ်မံထုတ်လုပ်မည့်အစီအမံ၊ ကုန်ကြမ်းလိုအပ်ချက်နှင့် အခြားလိုအပ်ချက်များရှိပါကလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ပြောကြားလိုကြောင်း၊ ငလျင်ဘေးဒဏ်ခံစားခဲ့ရသည့်ပြည်သူများ ထောက်ပံ့ကူညီနိုင်ရေးအတွက် ယခုအစည်းအဝေးမှ ရလဒ်ကောင်းများရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် အများပြည်သူများ လိုအပ်သော အမိုးသွပ်ပြားများ အချိန်မီရရှိရေးအတွက် အစွမ်းကုန်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမိုးသွပ်ပြားလိုအပ်ချက်များနှင့် ထုတ်လုပ်နိုင်မှုအခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများက အမိုးသွပ်ပြားများ လက်ရှိထုတ်လုပ်နေမှုအခြေအနေ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ တက်ရောက်လာသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ အမိုးသွပ်ပြားများ ထုတ်လုပ်သည့်လုပ်ငန်းရှင်များက စက်ရုံအလိုက် ထုတ်လုပ်ပေးနိုင်မှု၊ လိုအပ်ချက်များ၊ အမိုးသွပ်ပြားများအား ငလျင်ကြောင့် နေအိမ်များပျက်စီးဆုံးရှုံးခဲ့သည့် ပြည်သူများအား ထောက်ပံ့ပေးအပ်မည်ဖြစ်၍ လိုအပ်သော ကုန်ကြမ်းများပေးအပ်ပါကလုံလောက်အောင် ထုတ်လုပ်ပေးမည့် အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေးကော်မတီ အစည်းအဝေး (၂/၂၀၂၅) ကျင်းပ



**ရန်ကုန် ဇူလိုင် ၁၇**

မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေးကော်မတီ အစည်းအဝေး(၂/၂၀၂၅)ကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ၌ Hybrid System ဖြင့် ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေးကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံက မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြကာ အတည်ပြုချက်ရယူ ဆောင်ရွက်ရန်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဝတ်စုံမှန်များ ပေါ်ထွန်းလာအောင် ကူညီပေးကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးမှ တာဝန်ရှိသူများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေး လုပ်ငန်းကော်မတီများ၏ ကူညီမှုဖြင့် ပထမအကြိမ် ဝတ်စုံ ၁၀ မျိုးကို မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီသို့ အတည်ပြုရန်ပေးပို့တင်ပြနိုင်ပြီး ဖြစ်ပါကြောင်း၊ ကျန်ရှိနေသေးသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တိုင်းရင်းသားလူမျိုးများ၏ ဝတ်စုံမှန်များ မှန်ကန်မြန်ဆန်စွာရရှိရေးအတွက် ကြိုးပမ်းပေးကြစေလိုပါကြောင်း၊ ခေတ်အလိုက် ပြောင်းလဲကာ ရှိသင့်ရှိထိုက်သည့် ရိုးရာဝတ်စုံများကို သတ်မှတ်၍ ပေးပို့ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခချုပ် ဒေါက်တာကေသီထွေးက အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ စာပေနှင့် ယဉ်ကျေးမှုတိုးတက်ပြန့်ပွားရေးအသင်းများမှ တာဝန်ရှိသူများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဌာနခွဲတာဝန်ခံများ၊ အစည်းအဝေးတက်ရောက်သူများက ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းများအား ပြန်လည်ဆွေးနွေးကြသည်။ ထို့နောက် မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေးကော်မတီ အတွင်းရေးမှူး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်က အစည်းအဝေး ဆုံးဖြတ်ချက်များအား အတည်ပြုရန်တင်ပြရာ တက်ရောက်လာကြသူများက တင်ပြချက်များကို အတည်ပြုကြပြီး မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသား ဝတ်စုံမှန်သတ်မှတ်ရေး ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သီလဝါအထူးစီးပွားရေးဇုန်နှင့် ဒေသတွင်း MSME များ ဖွံ့ဖြိုးရေးဆိုင်ရာ နည်းပညာလိုအပ်ချက်များ အမှန်တကယ်ပံ့ပိုးပေးနိုင်ရေးဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၇**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျာသည် ဇူလိုင် ၁၅ ရက် မွန်းလွဲပိုင်းတွင် နည်းပညာတက္ကသိုလ်(သန်လျင်)သို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သီလဝါအထူးစီးပွားရေးဇုန်နှင့် ဒေသတွင်း MSME များ ဖွံ့ဖြိုးရေးဆိုင်ရာ နည်းပညာလိုအပ်ချက်များကို အမှန်တကယ် ပံ့ပိုးပေးနိုင်ရေးအတွက် University–Industry Collaboration မြှင့်တင်ဆောင်ရွက်ရင်း ကျောင်းသားလူငယ်များကို အင်ဂျင်နီယာအရည်အချင်းများ ပြည့်ဝစေကာ ဗလငါးတန်နှင့် ပြည့်စုံအောင် အလေးထားပျိုးထောင် ဆောင်ရွက်ပေးရန် တိုက်တွန်းမှာကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ အခက်အခဲလိုအပ်ချက် တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ကျောင်းသားများထံ သုတေသနထူးချွန်ဆုများကို ဂုဏ်ပြုချီးမြှင့်ကာ ၂၀၁၉ ခုနှစ် မိုးရာသီဘောလုံးပြိုင်ပွဲ၌ ပထမဆုရရှိသည့် လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန ဘောလုံးအသင်းမှ ကျောင်းသားများကို တစ်ဦးချင်း ဂုဏ်ပြုလည်ဆွဲတံဆိပ်များနှင့် ဒိုင်းဆုဖလားကို ဂုဏ်ပြုချီးမြှင့်သည်။

ထို့နောက် တက္ကသိုလ်ဥပစိရပ်တင့်တယ်ကာ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၇**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၇၀၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၃၈ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ အဆောက်အအုံများအတွင်း ပိတ်မိနေသူများ ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၄၈ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ဇူလိုင် ၁၆ ရက် ညနေ ၅ နာရီမှ ၁၇ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဘရာဇီးနိုင်ငံ၊ ကျန်းမာရေးဝန်ကြီးဌာနက လှူဒါန်းသည့် (BCG Vaccine) ပြင်းထန်တီဘီရောဂါ ကာကွယ်ဆေးအမှုန့်ပုလင်း ၂၅၀၀၀ နှင့် ဖျော်စပ်အရည် ပုလင်း ၂၅၀၀၀ (အလေးချိန် ၀ ဒသမ ၆၀၅ တန်) ရောက်ရှိခဲ့ပြီး အဆိုပါဆေးဝါးများကို ကျန်းမာရေးဝန်ကြီးဌာနမှတစ်ဆင့် ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ငွေကြေးအရင်းအနှီး လိုအပ်နေသော ဆီစက်ပိုင်ရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုအဖွဲ့သည် ပြည်တွင်းရှိ ဆီစက်များသို့ အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လုပ်ငန်းသုံးရင်းနှီးလည်ပတ်ငွေ လိုအပ်ချက်များအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထူထောင်ထားသည့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေရန်ပုံငွေမှ အတိုးနှုန်းသက်သာသော ချေးငွေများကို ထုတ်ချေးပေးလျက်ရှိပါသည်။

၂။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေကို အောက်ပါအချက်များနှင့်ညီညွတ်ပါက လျှောက်ထားနိုင်ပါသည် -

(က) လက်ရှိလုပ်ငန်းလည်ပတ်လုပ်ကိုင်နေသော ဆီစက်ဖြစ်ရမည်၊

(ခ) လုပ်ငန်းအမည်ပေါက် လိုင်စင်(သက်တမ်းရှိ) ရှိရမည်၊

(ဂ) ချေးငွေအတွက် အာမခံအဖြစ် အမည်ပေါက်ပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများ၊ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)များကို ပေးအပ်နိုင်ရမည်၊

(ဃ) နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များတွင် လက်ရှိ ချေးငွေရယူထားသူများအနေဖြင့် ဆီစက်ဖွံ့ဖြိုးရေး ချေးငွေရယူလိုပါက **သီးခြားအာမခံ**တင်သွင်းနိုင်မှသာ လျှောက်ထားနိုင်ပါသည်၊

(င) FDA လက်မှတ်ရရှိပြီးသူ၊ အသေးစားစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်ရရှိပြီးသူနှင့် သက်ဆိုင်ရာဒေသရှိ ဆီစက်ပိုင်ရှင်များအသင်း၊ ဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များ အသင်းဝင်လုပ်ငန်းရှင်များအား ဦးစားပေးစဉ်းစားမည်။

၃။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေအတွက် ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **ချေးငွေပမာဏ**

(၁) လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ (Working Capital)အတွက် ချေးငွေ – အနည်းဆုံး ကျပ် သိန်း ၁၀၀ မှ အများဆုံး ကျပ် သိန်း ၅၀၀၀ အထိ

(၂) မတည်ရင်းနှီးငွေ (Fixed Capital) အတွက် ချေးငွေ – အနည်းဆုံး ကျပ် သိန်း ၂၀၀ မှ အများဆုံး ကျပ် သိန်း ၅၀၀၀ အထိ

(၃) ကျပ်သိန်း ၅၀၀၀ အထက် ချေးငွေရယူလိုသော ဆီစက်လုပ်ငန်းရှင်များအနေဖြင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၊ အတွင်းရေးမှူးရုံး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရန်ဖြစ်ပါသည်။

(ခ) **ချေးငွေသက်တမ်းနှင့် ပြန်ဆပ်ကာလ**

(၁) လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ – ချေးငွေသက်တမ်း(၁)နှစ်

(၂) မတည်ရင်းနှီးငွေ – ချေးငွေသက်တမ်း(၃)နှစ် ဆိုင်းငံ့ကာလ(၁)နှစ်၊ ပြန်ဆပ်ကာလ (၂)နှစ်၊ (၆)လတစ်ကြိမ်(၄)ရစ်ဆပ်ရန်

(ဂ) **ချေးငွေအတိုးနှုန်း** – ၁ နှစ်လျှင် (၅ %)

၄။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ လျှောက်ထားရယူလိုသော ဆီစက်လုပ်ငန်းရှင်များသည် အောက်ပါ ရုံး၊ ဌာန၊ ဘဏ်ခွဲများတွင် ချေးငွေအဆိုပြုလွှာများ ရယူ၍လျှောက်ထားနိုင်ပါသည် -

(က) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ဆီစက်ပိုင်ရှင်များ အသင်းရုံးများအားလုံး၊

(ခ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းရုံးများအားလုံး၊

(ဂ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးခွဲများအားလုံး၊

(ဃ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်နှင့် မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ခွဲများအားလုံး၊

(င) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်နှင့် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများအားလုံး။

၅။ ဆီစက်ချေးငွေ အဆိုပြုလွှာပုံစံများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန website www. mopf. gov.mm ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန website https://msmewebportal. gov. mm/ ၊ မြန်မာဆီစက်ပိုင်ရှင်များအသင်း website http://www.meoma.org ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များအသင်း website http://meoda.myanmarwebtraining.com ၊ MEB website www.meb.gov.mm ၊ MADB website www.madb.gov.mm တို့တွင် download ရယူနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

**ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ**
**စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့**

# လွိုင်ကော်-မိုးဗြဲ-ဖယ်ခုံ-ပင်လောင်း ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်ပြီး ဒေသခံပြည်သူများ ပုံမှန်အတိုင်းပြန်လည်နေထိုင်သွားလာနိုင်ရေးအတွက် တပ်မတော်သားများနှင့် နိုင်ငံ့ဝန်ထမ်းများက လမ်းများနှင့် ဆေးရုံတို့အား ပြန်လည်ရှင်းလင်းတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၇**

KNPP၊ KNDFအဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများ ထိန်းချုပ်ထားသည့် လွိုင်ကော်-မိုးဗြဲ-ဖယ်ခုံ-ပင်လောင်း ဆက်သွယ်ရေးလမ်းကြောင်းအား တပ်မတော်စစ်ကြောင်းများက အသက်ကို ပဓာနမထားဘဲ ရဲရင့်စွန့်စားစွာ တိုက်ပွဲဝင်ပြီး မြို့ရွာများ ပျက်စီးမှု အနည်းဆုံးဖြစ်အောင် အဆင့်ဆင့်ခြေကုပ်ယူ၍ ချေမှုန်းဆောင်ရွက်ခဲ့ရာ ၎င်းလမ်းကြောင်းအား ၂၀၂၅ ခုနှစ် ဇူလိုင် ၁၁ ရက် မွန်းလွဲပိုင်းတွင် ပြန်လည်ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့ပြီး ဒေသခံပြည်သူများ ပုံမှန်သွားလာနိုင်လျက်ရှိသည်။

အဆိုပါဆက်သွယ်ရေးလမ်းကြောင်းကို ပြန်လည်ထိန်းချုပ်နိုင်ရန်အတွက် ရဲရင့်စွန့်စားစွာ တိုက်ပွဲဝင်ခဲ့ကြသည့် ဖယ်ခုံမြို့နယ် ဖယ်ခုံ-မိုးဗြဲဒေသအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ဖယ်ခုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ပြုလုပ်ရာ အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖယ်ခုံ-မိုးဗြဲဒေသအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် မိုးဗြဲဒေသအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများ ပေးအပ်စဉ်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦးတို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက ရပ်ရွာတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးကိစ္စများအား ရှင်းလင်းပြောကြားသည်။ ယင်းနောက် တာဝန်ရှိသူတစ်ဦးက ဖယ်ခုံမြို့နယ် ဒေသဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံ့ဝန်ထမ်းများအား ဆန်၊ ဆီ၊ ဆားနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦးက လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့်အရာရှိ၊ စစ်သည်များအား စားသောက်ဖွယ်ရာများနှင့် ပစ္စည်းများချီးမြှင့်ပေးအပ်သည်။ ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်က ဖယ်ခုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အကြမ်းဖက်သမားများ ယာယီထိန်းချုပ်ထားစဉ် ဆေးရုံ၌ ဘန်ကာများပြုလုပ်၍ ခံစစ်တံတိုင်းသဖွယ်ပြုလုပ်ခြင်းကြောင့် အပျက်အစီးများဖြစ်ပေါ်နေသည့် မိုးဗြဲပြည်သူ့ဆေးရုံသို့ သွားရောက်ကာ ဆေးရုံဖွင့်လှစ်နိုင်ရေးအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော အရာရှိစစ်သည်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖယ်ခုံမြို့နယ်အားကစားကွင်း၌ သန့်ရှင်းရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုကာ ဒေသခံပြည်သူများအား ချီးမြှင့်ငွေများပေးအပ်သည်။ ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လုမယ်တော်ဂူကျောင်းသို့ သွားရောက်ကာ သင်းအုပ်ဆရာတော်နှင့် သွားရောက်တွေ့ဆုံပြီး ဆုတောင်းမေတ္တာပို့သကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ဖယ်ခုံမြို့ပေါ်ရှိ ကျောင်းတိုက်များမှ သံဃာတော်များအားလည်းကောင်း၊ နတ်တောကျောင်းတိုက်ရှိ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖယ်ခုံ-ပင်လောင်း ကားလမ်းဝဲယာရှိ ချုံနွယ်ပိတ်ပေါင်းများအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ ပင်လောင်းမြို့နယ် မြသိန်းတန်ကျောင်းတိုက်ဆရာတော် ဦးမင်္ဂလနှင့် ပင်လောင်းမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော်များအား သွားရောက်ကြည်ညိုပြီး ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

MNL-2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲမှ တစ်ဆင့် တန်းတက်ခွင့်ရထားသည့် ရန်ကုန်စီးတီးအသင်းနှင့် YB United အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

ပွဲစဉ်(၁) အဖြစ် ဩဂုတ် ၃ ရက်တွင် ပဒုမ္မာကွင်း၌ ငွေကြယ်ပွင့်အသင်းနှင့် မြဝတီအသင်း၊ တက္ကသိုလ်ကွင်း၌ တက္ကသိုလ်အသင်းနှင့် ကချင်ယူနိုက်တက်အသင်း၊ ဩဂုတ် ၄ ရက်တွင် ပဒုမ္မာကွင်း၌ YB United အသင်းနှင့် Chinland အသင်း၊ တက္ကသိုလ်ကွင်း၌ ရန်ကုန်စီးတီးအသင်းနှင့် Glory Goal အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ-MNL**

# ဂါဇာတစ်ဝန်း ဇူလိုင် ၁၇ ရက်က အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုအတွင်း ပါလက်စတိုင်း ၃၄ ဦးထက်မနည်း သေဆုံး

**ဂါဇာ/ဂျေရုဆလင် ဇူလိုင် ၁၇**

ဂါဇာတစ်ဝန်း ဇူလိုင်၁၇ရက်က အစ္စရေး၏လေကြောင်းတိုက်ခိုက်မှုအတွင်း ပါလက်စတိုင်း ၃၄ ဦးထက်မနည်း သေဆုံးခဲ့ပြီး ဂါဇာမြောက်ပိုင်းမှ အစ္စရေးဘက်သို့ ပစ်လွှတ်သော ဒုံးကျည်နှစ်စင်းကိုလည်း အစ္စရေးက ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း ပါလက်စတိုင်းနှင့် အစ္စရေးသတင်းရင်းမြစ်များက ပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသ အရှေ့ဘက်ရှိ Holy Family ဘုရားကျောင်းကို အစ္စရေးက မောင်းသူမဲ့ လေယာဉ်ဖြင့် တိုက်ခိုက်မှုအတွင်း လူနှစ်ဦး သေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဂါဇာရှိ အရပ်ဘက်ကာကွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူ မာမွတ် ဘာဆယ်လ်က ပြောသည်။

အစ္စရေးစစ်ဘက်က အဆိုပါဖြစ်ရပ်နှင့် ပတ်သက်သည့် အစီရင်ခံစာများကို သိရှိထားပြီး ယင်းအခြေအနေကို ပြန်လည်သုံးသပ်နေကြောင်း ဇူလိုင် ၁၇ ရက် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် ဂါဇာကမ်းမြောင်ဒေသ အနောက်မြောက်ဘက်ရှိ ဆူဒန်နီယာဒေသရှိ အကူအညီပေးရေးလုပ်သားများကို အစ္စရေးတို့က တိုက်ခိုက်ခဲ့ရာ အဆိုပါ တိုက်ခိုက်မှုအတွင်း လူရှစ်ဦး သေဆုံးခဲ့သည်။ ထို့အတူ ဂါဇာကမ်းမြောင်ဒေသလူနေ ရပ်ကွက်များအတွင်းရှိ လူနေတိုက်ခန်းနှစ်ခုနှင့် ပါလက်စတိုင်းလူစုလူဝေးများကို အစ္စရေးတို့၏ ပစ်ခတ်တိုက်ခိုက်မှုအတွင်း ခြောက်ဦး ထပ်မံသေဆုံးခဲ့ကြောင်း ဂါဇာရှိ အရပ်ဘက်ကာကွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူ မာမွတ်ဘာဆယ်လ်က ပြောသည်။

အစ္စရေးအမြောက်တပ်များက ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်း၊ အရှေ့ပိုင်းနှင့် တောင်ဘက်အစွန်အဖျားများကို လက်နက်ကြီးများဖြင့် ပစ်ခတ်နေချိန်တွင် ရဟတ်ယာဉ်များဖြင့်လည်း လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း ပါလက်စတိုင်းလုံခြုံရေးသတင်းရင်းမြစ်များ၏ ပြောကြားချက်အရ သိရသည်။ အစ္စရေးတပ်ဖွဲ့များသည် ရာဖာနှင့် ခန်ယွန်နစ်မြို့များရှိ လူနေအဆောက်အအုံများကိုလည်း တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။

ဇူလိုင် ၁၇ ရက်တွင် ဂါဇာမြောက်ပိုင်းမှ အစ္စရေးတောင်ပိုင်းသို့ ဦးတည်ပစ်ခတ်သော ဒုံးကျည်နှစ်စင်းကို အစ္စရေးတို့က ကြားဖြတ်ဟန့်တားနိုင်ခဲ့သည်ဟု အစ္စရေးတပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။ အဆိုပါတိုက်ခိုက်မှုအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းသို့မဟုတ် ထိခိုက်ပျက်စီးခြင်းမရှိခဲ့ကြောင်း သိရသည်။



အစ္စရေးက မတ် ၁၈ ရက်တွင် ဂါဇာကမ်းမြောင်ဒေသ၌ စစ်ရေးလှုပ်ရှားမှုများ ပြန်လည်စတင်ခဲ့ပြီးနောက် ပါလက်စတိုင်း အနည်းဆုံး ၇၇၅၀ သေဆုံးခဲ့ပြီး ၂၇၅၆၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# ကမ္ဘောဒီးယားနိုင်ငံက အဝတ်အထည်၊ ရှူးဖိနပ်နှင့် ခရီးသွားကုန်ပစ္စည်းများ တင်ပို့ရာတွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၂ ဘီလီယံရရှိ

**ဖနောင်ပင် ဇူလိုင် ၁၇**

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ်ပထမနှစ်ဝက်အတွင်း အဝတ်အထည်၊ အထည်အလိပ်၊ ရှူးဖိနပ်နှင့် ခရီးသွားကုန်ပစ္စည်းတို့တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၂ ဘီလီယံတန်ဖိုး တင်ပို့နိုင်ခဲ့ကြောင်း ဇူလိုင် ၁၇ ရက်က တရားဝင်အစီရင်ခံစာတစ်ခုအရ သိရသည်။

အဆိုပါပမာဏမှာ ၂၀၂၄ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ကြည့်ပါက ၂၂ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။ အဝတ်အထည်၊ အထည်အလိပ်၊ ဖိနပ်နှင့် ခရီးသွားကုန်ပစ္စည်းကဏ္ဍသည် ကမ္ဘောဒီးယားနိုင်ငံအတွက် နိုင်ငံခြားငွေ အများဆုံးရရှိသည့် ကဏ္ဍဖြစ်သည်။



အဆိုပါကဏ္ဍ၌ လက်ရှိတွင် စက်ရုံ၊ အလုပ်ရုံ ၁၅၀၀ ကျော်ရှိပြီး အလုပ်သမား ကိုးသိန်းကျော် အလုပ်လုပ်ကိုင်လျက်ရှိကာ အများစုမှာ အမျိုးသမီးများဖြစ်ကြောင်း အလုပ်သမားနှင့် အသက်မွေးဝမ်းကျောင်း လေ့ကျင့်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ဆင်ဟွာ

# အီရတ်နိုင်ငံ ဝါဆစ်ပြည်နယ်၌ ကုန်တိုက်ကြီးမီးလောင် သေဆုံးသူ ၆၁ ဦးအထိရှိလာ

**ဘဂ္ဂဒက် ဇူလိုင် ၁၇**

အီရတ်နိုင်ငံ ဝါဆစ်ပြည်နယ် ခတ်မြို့ရှိ ကုန်တိုက်ကြီး မီးလောင်မှု ဖြစ်ပွားရာ သေဆုံးသူ ၆၁ ဦးအထိ ရှိလာသည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ဇူလိုင် ၁၇ ရက်တွင် အတည်ပြုခဲ့သည်။ ဇူလိုင် ၁၆ ရက် ညပိုင်းက စားသောက်ဆိုင် တစ်ခုနှင့် ကုန်တိုက်ကြီးရှိရာ ငါးထပ်အဆောက်အအုံ မီးလောင်ခဲ့ခြင်းဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ မီးလောင်မှုကို ထိန်းချုပ်နိုင်ခဲ့ပြီး အရပ်ဘက်ကာကွယ်ရေးအဖွဲ့များက အဆောက်အအုံအတွင်း ပိတ်မိနေသူ ၄၅ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အီရတ်ဝန်ကြီးချုပ် မိုဟာမက်ရှီယာ အယ်ဆူဒါနီက ပြည်ထဲရေးဝန်ကြီး အဗ္ဗဒူ အမီယာ အယ်ရှမ်မာရီကို အခင်းဖြစ်ပွားရာနေရာသို့သွားရောက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် ညွှန်ကြားထားသည်ဟု ဝန်ကြီးချုပ်ရုံး သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။ ဒဏ်ရာရရှိသူများအား ကုသရန်နှင့် ပြုစုစောင့်ရှောက်မှုများပေးရန် ဆေးအဖွဲ့တစ်ဖွဲ့ စေလွှတ်ရန်လည်း ဝန်ကြီးချုပ်က ညွှန်ကြားထားသည်။ မီးဘေးသင့်ပြည်သူများအတွက် ဝမ်းနည်းကြေကွဲခြင်း အထိမ်းအမှတ်ကို သုံးရက်ကြာ သတ်မှတ်မည်ဟု ဝါဆစ်ပြည်နယ် အုပ်ချုပ်ရေးမှူး ဂျမီးလ်အယ်မိုင်ဟီက ကြေညာခဲ့သည်။ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်စပ်သူမည်သူကိုမဆို သက်ညှာမည်မဟုတ်ကြောင်း ၄၈ နာရီအတွင်း ကနဦး စစ်ဆေးချက်ရလဒ်များကို ကြေညာသွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။



ဆင်ဟွာ

# ဖိလစ်ပိုင်နိုင်ငံ၏ လူဦးရေ ၁၁၂ သန်းကျော်ရှိလာ

**မနီလာ ဇူလိုင် ၁၇**

၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ၏ လူဦးရေသည် ၁၁၂,၇၂၉,၄၈၄ ဦးအထိရှိလာကြောင်း ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့က ဇူလိုင် ၁၇ ရက်တွင် ပြောကြားသည်။

အဆိုပါအရေအတွက်မှာ ဖိလစ်ပိုင်သံရုံးများ၊ ကောင်စစ်ဝန်ရုံးများနှင့် နိုင်ငံရပ်ခြားတွင် ရောက်ရှိနေသည့် ဖိလစ်ပိုင်နိုင်ငံသားများလည်း ပါဝင်ကြောင်း သိရသည်။

ဆင်ဟွာ

# နီပေါနိုင်ငံ၌ သုံးလအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ၉၃ ဦး သေဆုံး

**ခတ္တမန္ဒူ ဇူလိုင် ၁၇**

လွန်ခဲ့သည့် သုံးလအတွင်း နီပေါနိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ်ကြောင့် ၉၃ ဦးထက်မနည်း သေဆုံးကြောင်း အစိုးရအေဂျင်စီတစ်ခုက ဇူလိုင် ၁၇ ရက်တွင် ပြောကြားသည်။

မေ ၁၄ ရက်မှ ဇူလိုင် ၁၆ ရက်အတွင်း ဖြစ်ပွားသည့် သဘာဝဘေးအန္တရာယ်ကြောင့် လူပေါင်း ၄၄၅ ဦး ဒဏ်ရာရရှိပြီး ၂၂ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အမျိုးသားဘေးအန္တရာယ်လျော့ပါးရေးနှင့် စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ထုတ်ပြန်ချက်တွင် ပြောကြားသည်။

နီပေါနိုင်ငံ၌ မိုးကြိုးပစ်ခြင်းကြောင့် သေဆုံးသူ ၂၆ ဦး၊ မီးလောင်မှုကြောင့် သေဆုံးသူ ၁၄ ဦး၊ ရေကြီးမှုကြောင့် သေဆုံးသူ ၁၃ ဦးရှိပြီး မိသားစု ၄၁၃၄ စု ထိခိုက်ခံစားခဲ့ရကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

# ပါကစ္စတန်နိုင်ငံ၌ မိုးနှင့်ဆက်စပ်သည့် မတော်တဆမှုများကြောင့် ၅၄ ဦး သေဆုံး၊ ၂၂၇ ဦးဒဏ်ရာရ

**အစ္စလာမ္မာဘတ် ဇူလိုင် ၁၇**

ပါကစ္စတန်နိုင်ငံတစ်လွှား ပြီးခဲ့သည့် ၂၄ နာရီအတွင်း မိုးနှင့်ဆက်စပ်သည့် မတော်တဆမှုများကြောင့် ၅၄ ဦးခန့် သေဆုံးပြီး ၂၂၇ ဦး ဒဏ်ရာရရှိခဲ့သည်ဟု အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ဇူလိုင် ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ပန်ဂျပ်ပြည်နယ်အရှေ့ပိုင်းတွင် ပြင်းထန်သည့် မိုးနှင့် လေပြင်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် မတော်တဆမှုအများစု ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့၏ မီဒီယာအဖွဲ့က ဆင်ဟွာသို့ ပြောသည်။

မိုးရွာသွန်းမှုကြောင့် ထိခိုက်ပျက်စီးမှု အဆိုးရွားဆုံးဖြစ်ခဲ့ရသည့် ဒေသများမှာ လာဟိုးနှင့် ဖိုင်ဆာလာဘတ်ခရိုင်များဖြစ်ပြီး နံရံများပြိုကျခြင်းနှင့် ခေါင်မိုးများ ပြိုကျခြင်းတို့ကြောင့် အသေအပျောက်များ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ပြောသည်။

ဆင်ဟွာ

# တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဝင်များနှင့် PDF အမည်ခံ အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်း ဝင်ရောက်

**နေပြည်တော် ဇူလိုင် ၁၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင်အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့်အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး လက်နက်/ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေးလျက်ရှိသည်။



ထို့ပြင် PDF အမည်ခံ အကြမ်းဖက် အဖွဲ့ဝင်များနှင့် အကြမ်းဖက်မှုကို လိုလားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်အချို့သည် ပြည်သူအတွက်ဟူ၍ အကြောင်းပြချက်ဖြင့် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်း၊ ပြည်သူလူထုအား ခြိမ်းခြောက်ခြင်း၊ သတ်ဖြတ်ခြင်း၊ ကျောင်းသား ကျောင်းသူကလေးသူငယ်များပါမချန် ခြိမ်းခြောက်သတ်ဖြတ်ခြင်းနှင့် အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများ၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်မှုများကြောင့် ပြည်သူလူထုကလည်း ထောက်ခံအားပေးမှု မရှိခြင်း၊ ၎င်းတို့ အဖွဲ့များအချင်းချင်းတွင်လည်း အနိုင်ကျင့်ဗိုလ်ကျမှုများ၊ အခမ္မမှုများ ကျူးလွန်ခြင်းတို့ရှိလာခဲ့ခြင်းအပေါ် လက်ခံနိုင်ခြင်း မရှိတော့ဘဲ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ရန် စိတ်အားထက်သန်လျက်ရှိကြောင်း သိရှိရသည်။

ယင်းအပြင် တပ်မတော်အနေဖြင့်လည်း ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် တိုင်းစစ်ဌာနချုပ် နယ်မြေများအလိုက် အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter– Terror–ism Operation) များကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက်တွင်လည်း အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို တပ်မတော်က အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် တပ်မတော်အပေါ် ယုံကြည်အားကိုးမှုများ၊ စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ ပြုလုပ်လာကြပြီး အကြမ်းဖက်သမားများ၏ သတင်းများကို အချိန်နှင့်တစ်ပြေးညီ နီးစပ်ရာ တပ်မတော်စစ်ကြောင်းများထံသို့ သတင်းပေးပို့ခြင်း၊ တပ်မတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူလူထု၏ ၎င်းတို့အပေါ် ထောက်ခံအားပေးမှု မရရှိခြင်းတို့ကြောင့် ပြည်သူများက လက်ခံခြင်းမရှိသည့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် စိတ်ပျက်နောင်တရသည့်အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ သဘောထားအမှန်တို့ကို နားလည်သဘောပေါက် လက်ခံလာခြင်းတို့ကြောင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ဝင်အချို့နှင့် PDF အမည်ခံ အဖွဲ့ဝင်အချို့တို့သည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေအလိုက်ရှိ နီးစပ်ရာတပ်စခန်းများ၊ တာဝန်ရှိသူများနှင့် ချိတ်ဆက်၍ ဥပဒေဘောင်အတွင်း ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လျက်ရှိရာ TNLA အဖွဲ့ဝင် အမျိုးသားလေးဦး၊ DPLA အဖွဲ့မှ အဖွဲ့ဝင် အမျိုးသား ငါးဦးနှင့် MDY–PDF အမျိုးသား သုံးဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း အမျိုးသား ၁၂ ဦး၊ အမျိုးသမီး နှစ်ဦးတို့သည် ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်လိုခြင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအား ယုံကြည်လက်ခံခြင်းတို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အားစွန့်လွှတ်ပြီး နီးစပ်ရာ တပ်မတော်စခန်းများမှတစ်ဆင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ရာ ၎င်းတို့အား တာဝန်ရှိသူများက ပြန်လည်လက်ခံ၍ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ပြီး မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရသည့်အတွက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရာသီဥတုပြောင်းလဲမှုနှင့် စားရေရိက္ခာ ဖူလုံရေးဆိုင်ရာ ဦးဆောင်ကော်မတီအစည်းအဝေး အိမ်ရှင်အဖြစ် လက်ခံကျင်းပ



**နေပြည်တော် ဇူလိုင် ၁၇**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် (၁၄) ကြိမ်မြောက် ရာသီဥတုပြောင်းလဲမှုနှင့် စားရေရိက္ခာ ဖူလုံရေးဆိုင်ရာ ဦးဆောင်ကော်မတီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေး သဘာပတိအဖြစ် မြန်မာနိုင်ငံ၏ SOM–AMAF Leader တာဝန်ယူထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန္တာကြည်က ဆောင်ရွက်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့အတူ အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ၏ ဝန်ကြီးများ ဦးဆောင်မှုအောက်ရှိ အာဆီယံကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များမှ သဘာပတိများ၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းအောက်ရှိ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များမှ သဘာပတိများ၊ အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ ဖြစ်သည့် GIZ၊ FAO၊ SEARCA၊ RECO–FTC နှင့် NTFP–EP တို့မှ ကိုယ်စားလှယ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများလည်း ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် တက်ရောက်လာကြသူများက အာဆီယံစိုက်ပျိုးရေး၊ သုတေသနဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ၊ အာဆီယံသီးနှံကဏ္ဍဆိုင်ရာ၊ အာဆီယံသစ်တောကဏ္ဍဆိုင်ရာ၊ အာဆီယံသစ်တောနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ၊ အာဆီယံငါးလုပ်ငန်းဆိုင်ရာ၊ အာဆီယံတိရစ္ဆာန် မွေးမြူရေးဆိုင်ရာ၊ အာဆီယံဒေသတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ရေးဆိုင်ရာ၊ အာဆီယံ သိပ္ပံနည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ၊ အာဆီယံကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ၊ အာဆီယံစွမ်းအင်ကဏ္ဍဆိုင်ရာ အဆင့်မြင့်အရာရှိများ အစည်းအဝေးများမှ ထွက်ပေါ်လာသည့် ရလဒ်များနှင့် ကဏ္ဍအလိုက် ဖြစ်ပေါ်တိုးတက်မှု အခြေအနေကို တင်ပြဆွေးနွေးကြသည်။

ထို့အတူ အာဆီယံဒေသတွင်း ရာသီဥတုပြောင်းလဲမှုအား ကြံ့ကြံ့ခံနိုင်မှုရှိစေရေးနှင့် စားရေရိက္ခာ ဖူလုံမှုရှိစေရေးအတွက် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ အာဆီယံနိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်နိုင်မည့် စီမံကိန်းများကို ရှင်းလင်းဆွေးနွေးကြသည့်အပြင် အာဆီယံဒေသတွင်း နိုင်ငံများ၏ ရာသီဥတုပြောင်းလဲမှုနှင့် စားရေရိက္ခာဖူလုံရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်း သတ်မှတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ချမ်းမြသာစည်မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ဗီနိုင်းချိတ်ဆွဲထားရှိမှု ကွင်းဆင်းစစ်ဆေး

**မန္တလေး ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သက်ချိုဦးနှင့်အတူ မြို့နယ်အုပ်ချုပ်ရေးမှူးတို့ ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စီမံကိန်း ရေးဆွဲရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ ပါဝင်ပြီး “နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ” ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ သိရှိစေရေးအတွက် ချိတ်ဆွဲထားရှိမှုကို ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။ **ဇော်ဘီ**



**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

# ကြာအင်းဆိပ်ကြီးမြို့နယ်၌ ကော်ဖီပင်စိုက်ပျိုးပွဲကျင်းပ

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၁၇**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ကော်ဖီပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၆) အခြေခံပညာ မူလတန်း ကျောင်းဝင်း၌ ကျင်းပသည်။

ကော်ဖီပင်စိုက်ပျိုးပွဲသို့ ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် အဖွဲ့ဝင်များ၊ တပ်ရင်းတပ်ဖွဲ့များ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ကော်ဖီပျိုးပင် ၁၇၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။



ကြာအင်းဆိပ်ကြီး ခရိုင်တွင် ကော်ဖီစိုက်ဧက ၁၂၃ ဧက စိုက်ပျိုးထားပြီး ၂၀၂၅–၂၀၂၆ ခုနှစ်တွင် ဧက ၂၀၀ တိုးချဲ့စိုက်ပျိုးရန် လျာထား ဆောင်ရွက်လျက်ရှိရာ ယနေ့စိုက်ပျိုးသည့် ကော်ဖီမှာ ရိုဘက်စတာ မြေနိမ့်ကော်ဖီမျိုး ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## လယ်ဝေးမြို့နယ်၌ ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲ စူဠဘွဲ့နှင်းသဘင်ကျင်းပ

**လယ်ဝေး ဇူလိုင် ၁၇**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ချမ်းမြေ့ရိပ်သာကျောင်းတိုက်တွင် ယမန်နေ့က ၂၀၂၄ ခုနှစ် (၁၃၈၆ ခုနှစ်) အစိုးရဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲ စူဠဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် လယ်ဝေးမြို့ မြို့နယ်သံဃနာယကဥက္ကဋ္ဌ အေလာ သရက်တော ပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရ မထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် အလှူရှင်များက စာအောင်သံဃာများနှင့် သီလရှင်များအား အောင်လက်မှတ်နှင့် စာအောင်ဆုငွေများ ဆက်ကပ်ရာ ဓမ္မာစရိယ(ကျမ်းပြီး)အောင်မြင်သည့် သံဃာတော် ၁၀ ပါး၊ ပါဠိပထမပြန်စာမေးပွဲတွင် ပထမကြီးတန်း တစ်ပါး၊ ပထမလတ်တန်း ၂၂ ပါး၊ အခြေပြုမူလတန်း ၉၅ ပါး တို့အား ဆက်ကပ်လှူဒါန်းသည်။



**မြို့နယ်(ပြန်/ဆက်)**

## ကျောင်းကုန်းမြို့၌ အင်းချောင်းများအတွင်းသို့ ငါးကောင်ရေလေးသိန်း ငါးမျိုးစိုက်ထည့်

**ကျောင်းကုန်း ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ သဘာဝရေပြင်နှင့် အင်းချောင်းများအတွင်းသို့ ယမန်နေ့နံနက်ပိုင်းက ဒုတိယအကြိမ် ငါးမျိုးစိုက်ထည့်ကြသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ ကျုံပျော်၊ ရေကြည်၊ ကျောင်းကုန်းငါးလုပ်ငန်းဦးစီးမှူးများ၊ ပုသိမ်ခရိုင် ငါးသားဖောက်စခန်းတာဝန်ခံနှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ငါးလုပ်ငန်းဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက သဘာဝရေပြင်နှင့် အင်းချောင်းများအတွင်းသို့ ငါးမြစ်ချင်းကောင်ရေ ၂၀၀၀၀၀ နှင့် ငါးခုံးမကြီးကောင်ရေ ၂၀၀၀၀၀၊ စုစုပေါင်းကောင်ရေ လေးသိန်း ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**



## ရမည်းသင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲကျင်းပ

**ရမည်းသင်း ဇူလိုင် ၁၇**

ရမည်းသင်းမြို့ နည်းပညာတက္ကသိုလ်ဖူဆယ်ကွင်း၌ ၂၀၂၅ ခုနှစ် ရမည်းသင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အသက် ၂၅ နှစ်အောက် ဒေသတွင်း ဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲကို ရမည်းသင်းမြို့ နည်းပညာတက္ကသိုလ် ဖူဆယ်ကွင်း၌ ဇူလိုင် ၁၄ ရက်မှ ၁၆ ရက်အထိကျင်းပခဲ့ရာ အသင်းခြောက်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။



ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၆ ရက်က အဆိုပါကွင်းအတွင်း ၌ကျင်းပခဲ့ရာ ဗိုလ်လုပွဲစဉ်အဖြစ် ပျော်ဘွယ်အသင်းနှင့် ရွှေမြင့်မိုရ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပျော်ဘွယ်အသင်းက ပယ်နယ်တီ အဆုံးအဖြတ်ဖြင့်အနိုင်ရရှိကာ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမား ဆု၊ ဂိုးသမားအကောင်းဆုံးဆုနှင့် ဒုတိယဆုများကို ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ပေးအပ်ချီးမြှင့်သည်။

ပထမဆုရရှိသော ပျော်ဘွယ်အသင်းအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မြင့်က ပထမဆုဖလားနှင့် ငွေသား ကျပ်သုံးသိန်းကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သိမ့်သိမ့်မျိုး (ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ မိုးစပါးတစ်ဧက အထွက်နှုန်းတိုးတက်ရေး မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ခြင်း ဆောင်ရွက်

**မော်လမြိုင်ကျွန်း ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါး တစ်ဧက အထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက ကျွဲခြံချောင်းဖျားကျေးရွာ လယ်မြေပေါ်၌ ဆောင်ရွက်သည်။

ထို့နောက် ကျွဲခြံချောင်းဖျားကျေးရွာ ကွင်းအကွက် အမှတ် (၁၃၁၀) ဦးပိုင်အမှတ် (၃၉/၁) တောင်သူ ဦးအေးခိုင်၏ လယ်မြေ သုံးဧကတွင် ဆင်းသုခစပါးမျိုး စိုက်ပျိုးဆောင်ရွက်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် မြို့နယ်စိုက်တိုးမြှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုအားပေးကြသည်။ **ရဲကိုမောင် (ပြန်/ဆက်)**



## သာစည်မြို့နယ်၌ အာဇာနည်နေ့အထိမ်းအမှတ် စာပေယှဉ်ပြိုင်



**သာစည် ဇူလိုင် ၁၇**

သာစည်မြို့နယ်၌ (၇၈)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သင်းသင်းက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းမှ ကဗျာဆရာ ဝေးရင့်သီက အမှတ်ပေးစည်းကမ်းချက်များကို ပြောကြားသည်။

ထို့နောက် ကျောင်းသားကျောင်းသူ ၄၈ ဦးက စိတ်ကြိုက်ကဗျာများဖြင့် ယှဉ်ပြိုင်ကြရာ ဆုရရှိသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်သည်။

**မြို့နယ်(ပြန်/ဆက်)**

## အိမ်မဲမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဗီနိုင်းချိတ်ဆွဲထားရှိမှုကွင်းဆင်းစစ်ဆေး

**အိမ်မဲ ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်း ရွှေဆိုင်များ၊ စားသောက်ဆိုင်များ၊ ဖုန်းဆိုင်များ၊ တည်းခိုခန်းများတွင် ဇူလိုင် ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက မြို့နယ်ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမြကျော်နှင့်အတူ "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ"ဟူသောကြေညာချက် ဗီနိုင်းကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ချိတ်ဆွဲထားရှိမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

**စာအုပ်**
**စာပေ**
**လူ့မိတ်ဆွေ**

## ချောင်းဆုံမြို့နယ်၌ မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးလျက်ရှိ

**ချောင်းဆုံ ဇူလိုင် ၁၇**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးပေးခြင်းကို မေ ၁၉ ရက်က မြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်(ခွဲ)တွင် စတင်ထုတ်ချေးပေးလျက်ရှိရာ ဇူလိုင် ၁၆ ရက်အထိ ကျေးရွာ ၃၈ ရွာရှိ တောင်သူ ၂၅၄၀ ၏ စိုက်ဧက ၁၇၀၆၈ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၂၅၆၀၂ သိန်း ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။



မြို့နယ်အတွင်း ကျေးရွာအုပ်စု ၄၆ စုမှ မိုးစပါးစိုက်ဧကစုစုပေါင်း ၃၄၄၄၂ ဧကအတွက် ချေးငွေစုစုပေါင်း သိန်းပေါင်း ၅၁၆၆၃ သိန်းခန့်အား ထုတ်ချေးပေးနိုင်ရန် လျာထား ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီ ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်း မြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကော့မှူးမြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

**ကော့မှူး ဇူလိုင် ၁၇**

တုံတေးခရိုင် ကော့မှူးမြို့နယ် ဘောလုံးကွင်းကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းကို ဇူလိုင် ၁၅ ရက်ကကျင်းပရာ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူဝင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ သင်တန်းနည်းပြ ဒေါ်သီတာထိုက်တို့က အမှာစကား ပြောကြားသည်။



အဆိုပါသင်တန်းတွင် သင်တန်းသားသင်တန်းသူ ၂၀ တက်ရောက်ပြီး ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၁၅ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ **ကျော်သူရ(ကော့မှူး)**

## ရွှေသွေးဂျာနယ်ထွက်ရှိ

၁၉ - ၇-၂၀၂၅ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၇)၊ အမှတ် (၂၉) တွင် ကလေးများ မိုးဦးကျအချိန်တွင် မိုးလေများကျရောက်စဉ် ကစားပါက အန္တရာယ် ကြုံတွေ့နိုင်ပုံနှင့် မိဘစကားကို နားထောင်ပါက ကောင်းကျိုးများကိုသာ ခံစားရနိုင်ပုံကို သရုပ်ဖော်ထားသည့် "ချက်စူပါဝင်သော မိုးဦးအန္တရာယ်" မျက်နှာဖုံးကာတွန်း၊ သစ်တောသစ်ပင်များ စိုက်ပျိုးသင့်ကြောင်းနှင့် စိုက်ပျိုးပါက ရရှိလာမည့် အကျိုးကျေးဇူးများကို ရေးသားထားသည့် "ဝန်းကျင်သာယာလှဖို့ သစ်ပင်စိုက်ကြစို့" သုတဆောင်းပါးကဏ္ဍ၊ လိပ်ကလေး၏ အကြံပြုချက်အတိုင်း နေ့ာင်ဖြေဆိုမည့် စာမေးပွဲများတွင် စာကြိုးစားတော့မည့် မောင်မောင်အကြောင်းကို သရုပ်ဖော်ထားသည့် "လိပ်ကလေးရဲ့အကြံဉာဏ်" နှစ်မျက်နှာကာတွန်း၊ မိမိလုပ်ကိုင်ရမည့်အလုပ်ကို ကြိုတင်ပြင်ဆင်ကာ အကောင်းမွန်ဆုံး လုပ်ကိုင်၍ ဖြစ်ပေါ်လာမည့်ရလဒ်ကို စိတ်မပူပန်ဘဲ အေးအေးဆေးဆေး စောင့်သင့်ကြောင်း ရေးသားထားသည့် "အကောင်းဆုံးအချိန်" ဝတ္ထုကဏ္ဍ၊ တောရွာလေးသို့ သွားရောက်လည်ပတ်ခဲ့သော ကိုလာ၏ အတွေ့အကြုံသစ်များကို သရုပ်ဖော်ထားသည့် "ရွာသို့တစ်ခေါက်" နှစ်မျက်နှာကာတွန်း၊ သူတစ်ပါးထံမှ ပစ္စည်းများကို ရယူလိုသော အန်တီသီရိကို အမှိုက်ထုပ်ကြီးပေးကာ ပညာပေးလိုက်သော ဂါကြီးအကြောင်းကို သရုပ်ဖော်ထားသည့် "ချစ်မွေး" နှစ်မျက်နှာကာတွန်း၊ သူတစ်ပါးအသက်ကို သတ်ဖြတ်စားသောက်ခဲ့သော်လည်း မိမိ၏သားငယ် မကျန်းမာသောအခါ သေဆုံးမှာကို အလွန်စိုးရိမ်နေသော မုဆိုးအကြောင်းကို ရေးသားထားသည့် "ကိုယ်ချင်းစာစိတ်" ပုံပြင်ကဏ္ဍ၊ အီဒီယမ်များအပါအဝင် Two-word Verb ဟု ခေါ်သော Phrasal Verb များ၏ အသုံးများနှင့် ပတ်သက်သည့် အင်္ဂလိပ်စကားပြောများကို လေ့လာမှတ်သားနိုင်မည့် "အခြေခံလိုအပ်သည့် အီဒီယမ်" အင်္ဂလိပ်စာကဏ္ဍ၊




ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။ **သတင်းစဉ်**

## ကျောင်းသားလူငယ် ဖြော်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသည့် လူ့အဖွဲ့အစည်းဖြစ်တည်လာစေရန်၊ အများအကျိုး ဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့အကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှု မှန်ကန်စေရန်အတွက် ဖြော်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေး (Edutainment) အစီအစဉ်များကို အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့်တို့မှစ၍ အသိပညာပေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွင်း ကော်မရှင်ရုံးနှင့် ရုံးခွဲများရှိ ဝန်ထမ်းများက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်မြို့များရှိ အခြေခံပညာကျောင်း ကိုးကျောင်း၌ Edutainment အစီအစဉ်များ စတင်ဆောင်ရွက်ခဲ့ပြီး ကော်မရှင်မှထုတ်ဝေသည့် ဖြော်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် (ဆရာကိုင်) စာအုပ်များတွင် ပြဋ္ဌာန်းထားသည့် သင်ခန်းစာပါ အကြောင်းအရာများကို ရည်ညွှန်းကိုးကား၍ အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## မော်ဘီမြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေဆိုင်ရာ ရှင်းလင်း

**မှော်ဘီ ဇူလိုင် ၁၇**

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီး) ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေချပြရှင်းလင်းခြင်းအခမ်းအနားကို ယမန်နေ့က မှော်ဘီမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည့်ဖြိုးမောင်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်စမ်းစမ်းအေးက ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေ၏ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ ရည်ရွယ်ချက်များ၊ ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ဦးစီးဌာန၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များ၊ ကျေးလက်လမ်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပတ်သက်သည့် ဥပဒေများကို ချပြရှင်းလင်းသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်ကျေးစာရေးများ သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ဖြေကြားကြောင်း သိရသည်။ **ကောင်းမြတ်သူ(မှော်ဘီ)**

## မုံရွာမြို့၌ လူမှုရေးပင်စင်ထောက်ပံ့ရေးဆိုင်ရာ လုပ်ငန်းစဉ်များ အသိပညာပေး

**မုံရွာ ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးဆောင်ကျင်းပပြုလုပ်သည့် လူမှုရေးပင်စင် ထောက်ပံ့ရေးဆိုင်ရာ လုပ်ငန်းစဉ်များ အသိပညာပေးခြင်း အခမ်းအနားကို ယမန်နေ့က မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းက အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်လှိုင်မိုးမြတ်က တက်ရောက်လာကြသူများအား လူမှုရေးပင်စင်ထောက်ပံ့ရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးလှိုင်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အလိုက် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့ ဖွဲ့စည်းထားရှိမှုအပြင် စစ်ကိုင်းတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ၏ ဆောင်ရွက်မှုများကို အသိပညာပေးဟောပြောသည်။

**ခရိုင်(ပြန်/ဆက်)**

## ရမည်းသင်းမြို့နယ်အတွင်း စပါးမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုး သရုပ်ပြ

